# ကြေးမုံ The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်၊ တနင်္လာနေ့၊ (8-9-2014) (၇၉၅၇)


**မိုးရွာသွန်းမှု**

၇-၉-၂၀၁၄

| | |
|---|---|
| ဘီးလင်း | ၆ ဒသမ ၀၀ လက်မ |
| ရေး | ၅ ဒသမ ၆၇ လက်မ |
| ထားဝယ် | ၅ ဒသမ ၀၅ လက်မ |
| ကျိုက္ခမီ | ၄ ဒသမ ၄၀ လက်မ |
| လောင်းလုံ | ၃ ဒသမ ၅၈ လက်မ |
| ဖျာပုံ | ၃ ဒသမ ၄၂ လက်မ |
| မုဒုံ | ၃ ဒသမ ၄၂ လက်မ |
| ပဲခူး | ၃ ဒသမ ၃၉ လက်မ |

စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ ကြာညိုပန်းအနံ့၊ မြတ်လေးပန်းအနံ့ တို့သည် မွှေးကြိုင်ကြပါ၏။ ထိုပန်းရနံ့ အားလုံးတို့ထက် သီလအနံ့သည်သာ အတုမရှိ မြတ်လှပါပေ၏။ (ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘန်းမြို့အသုံးချသိပ္ပံပညာတက္ကသိုလ်နှင့် စိုက်ပျိုးမွေးမြူရေးခြံတို့ကို ကြည့်ရှုလေ့လာ

**ဘန်း စက်တင်ဘာ ၇**

ဆွစ်ဇာလန်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ဘန်းမြို့နယ်အတွင်းရှိ အသုံးချသိပ္ပံပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် Zollikofen ကျေးရွာရှိအသုံးချသိပ္ပံပညာတက္ကသိုလ် (Berne University of Applied Sciences)သို့ ရောက်ရှိကြရာ တက္ကသိုလ်၏ ညွှန်ကြားရေးမှူး Dr. Schindler Stokar Magdalena က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆွစ်ဇာလန်အုပ်ချုပ်ရေးစနစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပရော်ဖက်ဆာ Fritz Schnelder က ဆွစ်ဇာလန်နိုင်ငံ၏ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ Value Chain နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပရော်ဖက်ဆာ Roland Burki က ဆွစ်ဇာလန်နိုင်ငံ၏ စိုက်ပျိုးရေး၊ စားသောက်ကုန်ဆိုင်ရာ ပညာရေးစနစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘန်းမြို့နယ်အတွင်းရှိ အသုံးချသိပ္ပံပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)




## နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse

- ❖ အဆိုပါလေယာဉ်ကို ၂၀၁၀ ခုနှစ် ဇွန်လတွင် စတင်ပျံသန်းခဲ့ပြီး ပထမဆုံးအကြိမ် လောင်စာဆီမသုံးဘဲ ၂၆ နာရီ ဆက်တိုက် ပျံသန်းနိုင်သည့်လေယာဉ်အဖြစ် မှတ်တမ်းတင်ခံရ။
- ❖ ၂၀၁၅ ခုနှစ် မတ်လတွင် ကမ္ဘာတစ်ပတ်ပျံသန်းမှုပြုလုပ်ရန် စီစဉ်ထားကြောင်း သိရှိရ။
- ❖ ၂၀၁၅ ခုနှစ် မတ်လတွင် အဆိုပါလေယာဉ်သည် မန္တလေးမြို့တွင် ခရီးတစ်ထောက် ရပ်နားဆင်းသက်မည်ဖြစ်။


လူကြီးမင်းတို့၏ စက်ရုံ၊ အလုပ်ရုံ၏ ထုတ်ကုန်ပမာဏများတိုးမြင့်စေဖို့
KHIN MAUNG NYUNT TRADING CO., LTD. သို့ ဆက်သွယ်ကြပါစို့

❖ လေမှုတ်စက်နှင့် ပတ်သက်သော စက်ချို့ယွင်းမှုများအား စမ်းသပ်အဖြေရှာခြင်း
❖ ကျွမ်းကျင်သော Engineer များမှ လုပ်ငန်းခွင်အရောက် ဝန်ဆောင်မှုပေးခြင်း
❖ လိုအပ်သောအရံပစ္စည်းများကို အချိန်တိုအတွင်း အာမခံဖြင့် တပ်ဆင်ပေးနိုင်ခြင်း
❖ နှစ်အလိုက်၊ လအလိုက် Maintenance Package များဝယ်ယူနိုင်ခြင်း




KMN KHIN MAUNG NYUNT TRADING CO., LTD.
No.18, Pyidaungsu Road, (24) Ward, South Dagon Township, Yangon. Tel : (95-1) 590227, 591306 Fax : (95-1) 590818

ကြေးမုံစာတည်းရှုထောင့် ၈-၉-၂၀၁၄ [တနင်္လာနေ့]

# ပြုကြစဉ်လာ နေ့မဟာ

ယနေ့သည် မြန်မာတို့၏အစဉ်အလာ ဝါတွင်းသုံးလအနက် တတိယမြောက်လ(တော်သလင်းလ)၏ လပြည့်နေ့ဖြစ်ပါသည်။ ထိုနေ့ကို "ဂရုဓမ္မအခါတော်နေ့"ဟုလည်း ခေါ်ဆိုကြပါသည်။

ဂရုဟူသည့် သတိမူရမည့် ဓမ္မတရားကို လေးစားလိုက်နာကျင့်သုံးရမည့် အချိန်အခါဟုလည်း ရိုးရှင်းစွာဖြင့် ဆိုချင်ပါသည်။ တစ်နည်းဆိုသော် သူတော်ကောင်းတို့ အလေးထားလိုက်နာ ကျင့်သုံးအပ်သည့် ငါးပါးသော သီလတို့ကို စောင့်ထိန်းရမည့်အခါလည်း ဖြစ်သည်။ ထို့ကြောင့် ဤနေ့ ဤရက်တွင် ဘုရား၊ ကျောင်း၊ ဇရပ်တို့တွင် ဥပုသ်သီတင်းဆောက်တည်ရင်းဖြင့် ဒါန၊ သီလကောင်းမှုအဖြာဖြာတို့ကို ပြည်သူပြည်သားတို့က ဆောက်တည်ကြခြင်းဖြစ်သည်။

ငါးပါးပဥ္စသီကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းကျင့်သုံးခြင်းသည် လူတိုင်းလိုက်နာကျင့်သုံးအပ်သည့် ဓမ္မတာတရားဖြစ်ပါသည်။ ငါးပါးသီလဟူသည် သူ့အသက်မသတ်ခြင်း၊ သူတစ်ပါးဥစ္စာကို မခိုးယူခြင်း၊ ကာမဂုဏ်အမှုတို့၌ မှားယွင်းစွာ မကျင့်ကြံခြင်း၊ မဟုတ်မမှန်သောစကားတို့ကို မပြောဆိုခြင်းနှင့် သေရည် သေရက်တို့ကို မသောက်စားခြင်းဖြစ်ပါသည်။

သင်သည် ထိုငါးပါးသောသီလတို့ကို ဆင်ခြင်ကြည့်မည်ဆိုလျှင် မည်သည့်အမျိုးအနွယ်မဟူ လူတိုင်း လူတိုင်း စောင့်ထိန်းအပ်သည့် တရားများဖြစ်သည်ဟု ဆိုထိုက်ပါသည်။ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သူတို့သာမက အခြားမည်သည့် ယုံကြည်မှုရှိသည်ဖြစ်စေ ထိုငါးပါးသည် လူမှုလောကထဲတွင် မဖြစ်မနေလိုက်နာကျင့်ကြံအားထုတ်သင့်သော တရားများဖြစ်ပါသည်။

ထိုသီလကို အလေးအနက်ဂရုပြုသောအခါ လုံလောက်သော အကြောင်းရင်းခံများစွာရှိပေသည်။ လောက၌ ရှိရှိသမျှသော အလုပ်တို့တွင် သူတစ်ပါးမဆင်းရဲအောင် စောင့်ရှောက်သောအလုပ်နှင့် သူတစ်ပါးချမ်းသာအောင် ကူညီသော အလုပ်ဟူ၍ မြတ်သောအလုပ်နှစ်မျိုးရှိသည်။ ဒါနသည် သူတစ်ပါးချမ်းသာအောင် ပြုသောအလုပ်ဖြစ်၍ သီလသည် သူတစ်ပါးမဆင်းရဲအောင် စောင့်ရှောက်သော အလုပ်ဖြစ်သည်။

သီလသည် (အာဇီဝဋ္ဌမကသီလ) ဖော်ပြပါ ငါးပါးသီလဖြစ်သည်။ ထိုအာဇီဝဋ္ဌမကသီလ၏ အကျိုးအပြစ်ကို ပြန်လည်စိစစ်ကြည့်သောအခါ တစ်ကမ္ဘာလုံးရှိလူသားများ အဆိုပါငါးပါးသီလကို လုံခြုံနေပါမူ တစ်ကမ္ဘာလုံး ချမ်းသာကြမည်မှာ အထင်အရှားဖြစ်သည်။ ချမ်းသာခြင်းဟူသည် ငွေကြေးဓနဥစ္စာ ချမ်းသာခြင်းမဟုတ် စိတ်၏ချမ်းသာခြင်းသာဖြစ်ပါသည်။

သီလဆောက်တည်သော သူတစ်ယောက်သည် ဆိုင်ရာဘာဝနာတရားတို့ကို ပွားများနေထိုင်သောအခါ ထိုသူ၏စိတ်သန္တာန်တွင် လောဘ၊ ဒေါသ၊ မာနစသည့် အကုသိုလ်များ နည်းပါးသည်ထက်နည်းပါး၊ စိတ်နေစိတ်ထားသည်လည်း ကြီးသထက်ကြီး မြင့်သထက်မြင့်လာပေမည်။ ထို့ကြောင့် ဥပုသ်သီလတို့သည် သီလမည်ရုံသာမက ဘာဝနာနှင့်ပါ ပေါင်းဖော်ရသည့်အပြင် အရင်းခံဖြစ်သော သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ သူတစ်ပါးသားမယား ပြစ်မှားခြင်း၊ လိမ်ညာပြောဆိုခြင်း၊ သေရည်သေရက်တို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပြီးဖြစ်သောကြောင့် ရိုးရိုးငါးပါး သီလထက်ပင် သာလွန်မြင့်မြတ်သော အကျင့်ဖြစ်ပေသည်။

အကျိုးတရားမှာလည်း ချမ်းသာကြီးခြင်း၊ ဂုဏ်သတင်းကျော်စောခြင်း၊ ကျက်သရေမင်္ဂလာ တင့်တယ်စွာနေထိုင်နိုင်ခြင်း၊ မတွေမဝေသေဆုံးလေပြီး အဆုံး၌ ကောင်းသောဘုံဘဝသို့ ဧကန်မုချရောက်ရခြင်း စသည့် အကျိုးတရားရလေရာ မျက်မှောက်ဘဝတွင်သာမက တမလွန်ဘဝတွင်ပါ အကျိုးများသော လောကအစစ်အမှန်တရားများ ဖြစ်ပါသည်။

ထို့ကြောင့် ဤဂရုဓမ္မအခါတော်နေ့သည် ဝါတွင်းကာလ မြတ်ဗုဒ္ဓ၏ ဟောဖော်ညွှန်ပြထားသော ကျင့်ကြံအားထုတ်လိုက်နာကျင့်သုံးအပ်သော ကိုယ်ကျင့်တရားများ စောင့်ထိန်းရမည့်အခါဖြစ်ပါသည်။ ကျင့်သုံးကြသူ ပြည်သူအပေါင်းတို့အနေဖြင့် မင်္ဂလာတရားတော်နှင့် ကိုက်ညီသည့်အပြင် မိမိအတွက်သာမက လူ့ဘောင်လောကတစ်ခုလုံးအတွက်ပါ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းအပေါင်းတို့နှင့် ပြည့်စုံစေပါသည်။ ထို့ကြောင့် ငါးပါးသောသီလတို့ကို ဤနေ့ဤရက်မှစ၍ နေ့စဉ်ရက်ဆက် ထာဝရထိတိုင် ဆက်လက်ကျင့်ကြံပွားများ အားထုတ်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

## ယာဉ်စီးခပိုတောင်းခြင်းကြောင့် တိုင်ကြားလာမှုအများဆုံးဖြစ်

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများတွင် ယာဉ်စီးခပိုတောင်းခြင်းကြောင့် တိုင်ကြားလာသောအမှုသည် အခြားသော တိုင်ကြားမှုများစွာအနက် အရေအတွက်အများဆုံးဖြစ်နေကြောင်း မထသ(ဗဟို) မှသိရသည်။

ပြီးခဲ့သည့် ဩဂုတ်လ တစ်လတာအတွင်းတွင် ခရီးသည်များ တိုင်ကြားလာမှု စုစုပေါင်း ၁၅၈ မှုရှိခဲ့ပြီး ယင်းအနက် ယာဉ်စီးခပိုတောင်းခြင်းကြောင့် တိုင်ကြားမှုမှာ အမှုပေါင်း ၈၈ မှုဖြင့်အရေအတွက် အများဆုံးဖြစ်ကြောင်း သိရသည်။ "ဒီလို ယာဉ်စီးခ ပိုတောင်းတာတွေ၊ ရိုင်းပျစွာ ပြောဆိုဆက်ဆံတဲ့ ကိစ္စတွေဟာ လစဉ်တိုင်ကြားမှုတွေထဲမှာဆိုရင် အများဆုံးဖြစ်နေတာကို တွေ့ရပါတယ်။ ဒီတိုင်ကြားမှုတွေက စာနဲ့ရော၊ ဖုန်းနဲ့ရော၊ အွန်လိုင်းကရော တိုင်ကြားလာမှုတွေဖြစ်ပါတယ်"ဟု မထသ(ဗဟို) မှ တာဝန်ရှိသူ တစ်ဦးက ရှင်းပြသည်။ ထိုတိုင်ကြားမှုပေါင်း ၁၅၈ မှုအနက် ရိုင်းပျစွာ ဆက်ဆံမှုမှာ ၂၃မှုဖြင့် ဒုတိယအများဆုံးတိုင်ကြားလာခြင်းဖြစ်ပြီး ဂိတ်စ၊ ဂိတ်ဆုံး မမောင်းခြင်းကြောင့်တိုင်ကြားမှု ၁၁ မှု၊ သတ်မှတ်လမ်းကြောင်း အတိုင်း မမောင်းခြင်းကြောင့် တိုင်ကြားမှု ၁၀ မှု၊ သတ်မှတ်မှတ်တိုင်မရပ်ခြင်းကြောင့်တိုင်ကြားမှု ငါးမှု၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ ပြိုင်မောင်းခြင်းတို့အတွက် တိုင်ကြားမှု ငါးမှု၊ ဂျီမေးလ်ဖြင့် တိုင်ကြားမှု ငါးမှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းကြောင့် တိုင်ကြားမှု လေးမှု၊ မဆင်မခြင်မောင်းနှင်ခြင်းကြောင့် တိုင်ကြားမှု လေးမှု၊ ယာဉ်ပေါ်ဆေးလိပ်သောက်ခြင်းကြောင့် တိုင်ကြားမှု နှစ်မှု၊ အင်တာနက် (Website) မှ တိုင်ကြားမှုတစ်မှု စသည်ဖြင့် ပါဝင်ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ ရှစ်လတာ ကာလတွင်းတွင်လည်း တိုင်ကြားမှုစုစုပေါင်း ၇၇၄ မှုရှိခဲ့ပြီး ယင်းအနက်တွင် ယာဉ်စီးခပိုတောင်းခြင်းကြောင့် တိုင်ကြားမှုမှာ ၄၄၉ မှုဖြင့် လည်းကောင်း၊ ရိုင်းပျစွာဆက်ဆံခြင်းကြောင့် တိုင်ကြားမှုမှာ ၁၃၇ မှုဖြင့် လည်းကောင်း တိုင်ကြားမှုများအနက် အများဆုံးတိုင်ကြားလာသော ဖြစ်စဉ်များဖြစ်ကြောင်း သိရသည်။ **(၆၈၀)**

**ရန်ကုန် စက်တင်ဘာ ၇**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကြို့တင်အားဖြည့်ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)သို့ ရောက်ရှိရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းနှင့် သတ်မှတ်အရေအတွက်ပြည့်မီအောင် ဆောင်ရွက်သွားရန်၊ ထုတ်လုပ်ပြီးဇလီဖားများကို လမ်းပိုင်းများသို့ ချက်ချင်းပို့ဆောင်ပြီး ရထားလမ်းအောက်ထည့်သွင်းအသုံးပြုသည်အထိ စဉ်ဆက်မပြတ်ပြီးစီးအောင် စီမံချက်ချမှတ်ဆောင်ရွက်ရန် မှာကြားပြီး စက်ရုံအတွင်း ကွန်ကရစ်ဇလီဖားထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံမှ ထွက်ရှိလာသော ကွန်ကရစ် ဇလီဖားတုံးများအား ရန်ကုန်-မန္တလေး အစုန်/အဆန် လမ်းပိုင်းတွင် ၇၇၁ မိုင်၊ ရန်ကုန်မြို့ပတ် အစုန်/အဆန်လမ်းပိုင်းတွင် ၅၉ မိုင်၊ ပဲခူး-မော်လမြိုင်လမ်းပိုင်းတွင် မိုင် ၁၃၀ တို့အား အပြည့်ထည့်သွင်းနိုင်ပြီး အခြားလမ်းပိုင်းများတွင်လည်း ရထားလမ်းပိုင်း ပိုမိုတောင့်တင်းခိုင်မာစေရန် ဖြည့်တင်းသွားမည်ဖြစ်သည်။

## ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုဖြစ်ရေး အစဉ်သတိပြုကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေတံခါးရပ်ရှိ ဓမ္မဒယဘုန်းတော်ကြီးသင် မူလတန်းကျောင်းသို့ သွားရောက်ကာ လှူဖွယ်ဝတ္ထုများနှင့် ကျောင်းသုံးစာရေးကိရိယာများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ဘူတာ၌ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုဖြစ်ရေး အစဉ်သတိပြုကြိုးပမ်းဆောင်ရွက်သွားရန်နှင့် မသမာမှု၊ အဂတိလိုက်စားမှုကင်းရှင်းစွာ ဆောင်ရွက်ကြရန်၊ အလုပ်နှင့်ပတ်သက်၍ ပြတ်ပြတ်သားသား လုပ်ဆောင်သွားကြရန်၊ ယာဉ်များကို စစ်ဆေးကြပ်မတ်ရာတွင် ပညာပေးကာလကုန်ဆုံးသွားပြီဖြစ်၍ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း စစ်ဆေးကြပ်မတ်သွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ပြည်၊ အုတ်ဖို၊ သာယာဝတီ ဘူတာများတွင် ခရီးသည်များ၏ ခရီးသွားလာမှုအခြေအနေ၊ လက်မှတ်ဝယ်ယူမှုအခြေအနေ၊ ဝန်ဆောင်မှုပေးနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ခရီးသည်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များ၊ အကြံပြုချက်များကို မေးမြန်းခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်ဘီဘူတာမှ ရထားဖြင့် ရန်ကုန်ဘူတာအထိ ရထားလမ်းပိုင်းများ တောင့်တင်းကြံ့ခိုင်ရေးဆောင်ရွက်ထားမှုများအား စစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

တရုတ်ပြည် သို့ ရင်ခုန် ပျော်ရွှင်ဖွယ် SHWE MYANMAR ခရီးစဉ်များ
- ပီကင်း၊ ----- ဆီအန်း၊ ▶ (၇)ရက်
- ပီကင်း၊ ----- ထျန်းကျင်၊ ▶ (၈)ရက်
- ပီကင်း၊ ----- ဟွာဒုန်း(၅)မြို့ ▶ (၁၀)ရက်
- ရှန်ဟိုင်း ----- ကျိုကျိုက်ကုန်း ▶ (၇)ရက်
- ရှန်ဟိုင်း ----- ယန်စီမြစ်ဝှမ်း ▶ (၇)ရက်
- ကူမင်း ----- တာ့လီ ----- လီကျန်း ▶ (၇)ရက်

ဟောင်ကောင်
- ရှန်းကျန့် ----- မကာအို ▶ (၆)ရက်
- မကာအို ▶ (၅)ရက်
- သီးသန့်(၄) ရက်

(အပတ်စဉ် ထွက်ပြီ)

အမြန်ဆုံး စာရင်း ပေးသွင်းနိုင်ပါပြီ

အောက်ပါ ခရီးသွား ကုမ္ပဏီများ ထံတွင် ဝယ်ယူရရှိနိုင်ပါသည်။
- GREEN HOLIDAY T & T - 01546668 , 0973147688 ,5200747
- FRIENDS OF NATURE T & T - 012306177 ,095048059
- DAWN KNIGHT T & T - 01372097 , 0973051621
- COS TOUR - 01 525280 , 532440 , 2305824 - 5
- HUB ZONE T & T - 09 450024868 ,5407637 , 5158678
- PRO ASIA T & T - 09 421179583 ,400426362
- YANG SISTERS T & T - 01215906 ,09425327767
- NANO T & T - 095043174 ,73006382
- PAN THU KHA T & T - 01 2304567 , 09 5095586
- FIREFLY T & T - 01 391019,376168 , 09 5026486

ကျန်းမာသန့်ရှင်းပြီး လှပတဲ့အသားအရေကြောင့် မိမိကိုယ်ကိုယ် ယုံကြည်မှု တိုးစေပါတယ်. . .



မြင့် အင် ဆန်း အရေပြားနှင့်အလှအပဆေးခန်း

- အရေပြားရောဂါအမျိုးမျိုး
- အလှအပပြဿနာများ
- ဝက်ခြံ၊ ဆားဝက်ခြံ၊ အဆီပြန်ခြင်း၊ ဝက်ခြံအမာရွတ်၊
- အညိုအမည်းကျန်ခြင်း၊ အသားအရောင်မှိန်ခြင်း၊ မှဲ့ခြောက်၊ တင်းတိပ်၊ နေလောင်ကွက်၊ အရေးအကြောင်းထခြင်း၊
- အသားဖြူဆေး၊ ဘိုတောက်စ်ထိုးခြင်း၊ ဖြည့်ဆေးထိုးခြင်း၊ လေဆာစက်များဖြင့် ကုသခြင်းတို့အပြင် အခြားသောအသားအရေထိန်းသိမ်းခြင်းဆိုင်ရာ ကုသမှုအမျိုးမျိုးကို အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသဆောင်ရွက်ပေးပါသည်။

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း – ၃၈၂၂၄၇၊ ၂၅၆၀၄၅

# ယနေ့ကာလသစ်တွင် အရေအတွက်ထက် အရည်အချင်းက ပိုအရေးကြီးလာ အရည်အချင်းပြည့်ဝသည့် အရေအတွက်ကိုရမည်ဆိုလျှင် အတိုင်းထက်အလွန်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လားရှိုးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့ကြပြီး လားရှိုးမြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လားရှိုးစာစစ်ဌာနမှ ထူးချွန်စွာဖြေဆိုအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ယခုတစ်ခေါက် လားရှိုးမြို့သို့ လာရောက်သည့် ခရီးစဉ်မှာ ယမန်နှစ်က ရေကြီးရေလျှံဖြစ်ခဲ့၍ ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ခြင်းသာမကဘဲ လူ့အသက်များပါ ဆုံးရှုံးခဲ့ရသဖြင့် ထို့အတွက် လိုအပ်သည့် အကူအညီ အထောက်အပံ့များ ပေးအပ်နိုင်စေရန် ရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ မိုးရာသီရောက်တိုင်း ရေကြီးရေလျှံရခြင်း၏ အကြောင်းရင်းများဖြစ်သည့် ချောင်း၊ မြောင်းများ တိမ်ကောလာခြင်း၊ အမှိုက်များ၊ ကြွပ်ကြွပ်အိတ်များနှင့် ပိတ်ဆို့နေခြင်းများကို ဖယ်ရှားထုတ်ပစ်သည့်အနေဖြင့် လားရှိုးမြို့တစ်မြို့လုံး၏ ချောင်းကြီးချောင်းငယ်၊ မြောင်းကြီးမြောင်းငယ်များကို စက်ယန္တရားကြီးများဖြင့် ပြန်လည်တူးဖော်သန့်ရှင်းစေခဲ့ပါကြောင်း။

ယင်းသို့ ယန္တရားကြီးများဖြင့် တူးဖော်လိုက်သည့်အတွက် လျင်မြန်သလောက် အကုန်အကျလည်း များပါကြောင်း၊ ကျပ်သိန်းထောင်ပေါင်းများစွာ ကုန်ကျရပါကြောင်း၊ ယင်းသို့ ကျပ်သိန်းပေါင်းများစွာကုန်ကျခဲ့သည့်အတွက်လည်း အကျိုးရလဒ်အနေဖြင့် ယခုနှစ်တွင် လားရှိုးမြို့၏ ရေကြီးရေလျှံမှုဒုက္ခကို ရှောင်ရှားနိုင်ခဲ့ပါကြောင်း၊ ဖြစ်နေသေးသည့် နေရာအချို့မှာ ချောင်း၊ မြောင်းများကို အချဲ့မခံခြင်း၊ မြေနေရာကိုထားထားပြီး နောက်မဆုတ်ချင်ကြသည့် နေရာတစ်ဝိုက်လောက်သာ ကျန်နေတော့သည်ဟု သိရပါကြောင်း၊ ပြုပြင်မှုမလုပ်သေးသရွေ့ ဤဒေသတစ်ဝိုက်တွင် ရေကြီးနေဦးမည်ဖြစ်ပါကြောင်း၊ ထို့အတွက် အများအကျိုးကို ရှေးရှုသည့်အနေဖြင့် ထိုနေရာများတစ်ဝိုက်ကို မိမိတို့အသိစိတ်ဓာတ်ဖြင့် လိုအပ်သလို ကူညီပေးကြပါရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း။

လားရှိုးမြို့ သန့်ရှင်းသာယာလှပမှုသည် လားရှိုးမြို့သူမြို့သားတိုင်း၊ မြို့ကိုရောက်လာကြသည့် လူတိုင်း၏တာဝန်ဖြစ်ပါကြောင်း၊ အမှိုက်များကို တွေ့ကရာနေရာတွင် မစွန့်ပစ်စေရန်၊ ကွမ်းသွေးများ မထွေးစေရန်၊ သစ်ပင်ပန်းပင်များ စိုက်ကြစေရန်၊ ထိန်းသိမ်းကြရန်၊ မီးသီး၊ မီးလုံးကအစပြုကာ အလှအပများကို ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဌာနကလည်း လိုအပ်သည့် ကိစ္စရပ်များကို ပါဝင်ဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း၊ အားလုံးပါဝင်ကြမှသာလျှင် ဤမြို့က သန့်ရှင်းသာယာလှပနိုင်မည်ဖြစ်ပါကြောင်း။

မိုးရာသီတွင် မိုးများသည့်အခါ ရေကြီးရေလျှံမှုဖြစ်နေသကဲ့သို့ နွေရာသီတွင်လည်း ရေရှားနေသည့် ကျေးရွာတချို့အတွက် သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ရန် အစီအမံများလည်း ပါရှိပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးလိုအပ်သည့် အစီအစဉ်မှာ လျှပ်စစ်မီးကိစ္စဖြစ်ပါကြောင်း၊ လျှပ်စစ်မီးရသည့်နေရာသည် မရသည့်နေရာနှင့် နှိုင်းစာလျှင် ဖွံ့ဖြိုးတိုးတက်မှု အလွန်တရာ ကွာခြားကြပါကြောင်း၊ မြို့ထဲတွင် တော်တော်များများ လျှပ်စစ်မီးရရှိနေပြီဖြစ်ကာ မီးလည်း မှန်မှန်လာနေပါကြောင်း၊ ယင်းတို့သည် ပြောင်းလဲလာသည့် ခေတ်သစ် စနစ်သစ်၏ အသီးအပွင့်များ၊ နိုင်ငံတော်၏ ကြိုးစားဆောင်ရွက်ပေးမှုများနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများ၏ အကျိုးကျေးဇူးများဟုပင် မှတ်ယူရမည်ဖြစ်ပါကြောင်း။

လျှပ်စစ်မီးရသည့်နေ့များတွင် အိမ်မှုကိစ္စ၊ စီးပွားရေးကိစ္စ၊ ရပ်ရေးရွာရေး လူမှုရေးကိစ္စများကို အေးအေးလူလူ စိတ်ချမ်းသာစွာဖြင့် ကိစ္စပြီးမြောက်စေရန် လုပ်နိုင်ကြသော်လည်း လျှပ်စစ်မီးမရသည့်နေ့များတွင် အဘက်ဘက်က ဆင်းရဲဒုက္ခရောက်ကြရပါကြောင်း၊ လူနေမှုအဆင့်အတန်းလည်း တစ်ပြိုင်တည်းကျဆင်းသွားသည်ဟု ထင်ရတတ်ပါကြောင်း၊ လျှပ်စစ်မီးသည် လူသားများအတွက် မရှိမဖြစ် အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်မှန်းမသိ ဖြစ်နေပါကြောင်း။

ထို့အတွက် ယခုတစ်ခေါက် ကျေးလက်ဒေသမီးလင်းရေးအတွက် တတ်နိုင်သည့်ဘက်မှ တတ်နိုင်သလောက် လျှပ်စစ်မီးရရှိစေရန် လုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးလင်းရေး ကော်မတီရှိပြီးသည့် ကျေးရွာများ၊ ကျေးရွာ၏ စုဆောင်းရရှိသည့်ရန်ပုံငွေ တချို့တစ်ဝက်ဖြင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုပူးပေါင်းကာ ရွာတွင် လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ပေးသွားမည့် အစီအစဉ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘက် တစ်ခုတည်းဖြင့် မဖြစ်နိုင်သေးသည့်အတွက် ပြည်သူလူထုအားနှင့် ပေါင်းစပ်ကာ ရှေ့လျှောက် ယခုကဲ့သို့ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ယနေ့အစီအစဉ်ထဲတွင် အရေးကြီးသည့် နောက်အစီအစဉ်တစ်ခုမှာ ပညာရေးဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍနိမ့်ကျသည့် နိုင်ငံသည် ဖွံ့ဖြိုးမှုလည်း နိမ့်ကျတတ်ပြီး ပညာရေးမြင့်သည့် နိုင်ငံများတွင် ဖွံ့ဖြိုးမှုမြန်ဆန်မြင့်မားတတ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း၊ ပညာရေးနိမ့်ကျသည့် တိုင်းဒေသကြီး/ပြည်နယ်သည်လည်း ဖွံ့ဖြိုးမှု အစစအရာရာ နောက်ကျနေတတ်ပါကြောင်း။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် အခြေခံပညာသင် ကျောင်းသား ကျောင်းသူပေါင်း ၈၇၀၂၇၅၀ ဦးရှိပါကြောင်း၊ အထက်တန်းကျောင်းသား ၈၀၃၈၈၃ ဦးရှိသည့်အထဲတွင် ယခုနှစ် တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုသူပေါင်း ၅၄၁၉၄၆ ဦးရှိပါကြောင်း၊ ထိုဖြေဆိုသူများထဲမှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများကို ဂုဏ်ပြုသည့်အနေဖြင့် ယနေ့တွင် ဂုဏ်ထူးတစ်ခုမှ ခြောက်ခုအထိရရှိခဲ့သူ သားငယ် သမီးငယ်များအား ချီးမြှင့်သည့် ဂုဏ်ပြုပွဲအစီအစဉ်ဖြစ်ပါကြောင်း။

ဂုဏ်ထူးရသည့် သူများကိုပင် ရွေးချယ်ဂုဏ်ပြုရသည့် ရည်ရွယ်ချက်မှာ ယနေ့ကာလသစ်တွင် အရေအတွက်ထက် အရည်အချင်းက ပိုအရေးကြီးလာသောကြောင့် ဖြစ်ပါကြောင်း၊ သို့သော်လည်း အရည်အချင်းပြည့်ဝသည့် အရေအတွက်ကိုပါရမည်ဆိုလျှင် အတိုင်းထက်အလွန်ဖြစ်ပါကြောင်း။

ယနေ့ နိုင်ငံတကာအဆင့်ပြုလုပ်သည့် အစည်းအဝေး၊ ဆွေးနွေးပွဲ၊ဖိုရမ်၊ ကွန်ဖရင့် အစရှိသည့် အကြိတ်အနယ် တွေ့ဆုံရသည့် တွေ့ဆုံဆွေးနွေးပွဲများတွင် သာမန်ဘွဲ့၊ ဘီအေ၊ ဘီအက်စ်စီနှင့် အမ်အေ၊ အမ်အက်စ်စီ အဆင့်များနှင့်သာမက ပါရဂူအဆင့်ဖြင့် ဆွေးနွေးပါမှ လက်ခံယုံကြည်သည့်အဆင့်သို့ ရောက်နေပြီဖြစ်ပါကြောင်း။

ထို့အတွက် ယခုဂုဏ်ပြုပေးမည့် သားငယ် သမီးငယ်များအနေဖြင့်လည်း ယခုတက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့်အတွက် ဝမ်းသာပါကြောင်း၊ ဂုဏ်ယူပါကြောင်း၊ အားပေးပါကြောင်း၊ သို့သော် နိုင်ငံတကာအထိ ယှဉ်ပြိုင်နိုင်ရန် ယခုအောင်မြင်မှုသည် ပထမအဆင့်ခြေလှမ်းသာရှိနေသေးရာ ဆက်ပြီး ဆင့်ကာဆင့်ကာ ကြိုးစားရဦးမည်ဖြစ်သည်ကို မှာကြားလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးကို အားပေးလိုလွန်းသည့်အတွက် ပညာရေးအလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ပြီး အဖြေရှာစေခဲ့ပါကြောင်း၊ အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် ဘက်စုံထူးချွန်လူငယ်များကို ရွေးထုတ်ပြီး အပန်းဖြေစခန်းပို့ပေးခြင်းသည်လည်း အားပေးလိုသည့် ရည်ရွယ်ချက်ဖြစ်ပါကြောင်း၊ အင်္ဂလိပ်ဘာသာကို အရေးကြီး ဘာသာရပ်အဖြစ် အားပေးခြင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် အင်္ဂလိပ်ဘာသာနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ဝိုင်းဖွဲ့ဆွေးနွေးပွဲ၊ စာစီစာကုံးပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲပြုလုပ်ပေးခြင်း စသည့်သတင်းများကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်သမ္မတကြီး၏ ပညာသင်ဆုကိုလည်း ချီးမြှင့်သွားမှာဖြစ်ကြောင်း၊ ယင်းတို့သည် ပညာရေးကိုမြှင့်တင်လိုပြီး အားပေးချီးမြှောက်လိုခြင်းကြောင့် ဖြစ်ပါကြောင်း၊ သူမတူအောင် တော်ဖို့တတ်ဖို့လိုပါကြောင်း၊ အားပေးမည့်၊ ပံ့ပိုးမည့်သူများ အမြောက်အမြား စောင့်ကြိုနေပါကြောင်း။

ထို့ကြောင့် ထူးချွန်လာကြသည့် သားငယ် သမီးငယ်များအနေဖြင့် ပညာရွှေအိုးလူမခိုး၊ ပညာရဲရင့် ပွဲလယ်တင့်၊ ပညာတန်ဆောင် မီးရှူးရောင်စသည့် ဆိုဆုံးမစကားများကို နှလုံးသွင်းကာ ဖွဲ့၊ လုံ့လ၊ ဝီရိယတို့အပြင် ဗလငါးတန်နှင့် ပြည့်စုံသည့် လူရည်ချွန် လူရည်မွန်လေးများ ဖြစ်နိုင်ကြပါစေကြောင်း၊ အစစအရာရာတွင် အထွတ်အထိပ်ရောက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများဖြစ်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးတို့က ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လားရှိုးစာစစ်ဌာနမှ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူရှစ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လေးဘာသာဂုဏ်ထူးရှင်ကိုးဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် ၁၈ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများက နှစ်ဘာသာဂုဏ်ထူးရှင် ၄၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၂၂ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြရာ ကျောင်းသားလေးများက တစ်ဦးချင်းစီနှင့် ကိုယ်စားများ တက်ရောက်လက်ခံရယူကြသည်။

ယင်းနောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မမေမြတ်နိုးကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လားရှိုးမြို့ မြို့မိမြို့ဖများနှင့် ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ တွဲဖက်ပြည်နယ်မီးသတ်ဦးစီးဌာန၌ မီးသတ်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် Young Investment Group ကုမ္ပဏီအုပ်စု Young Auto ဥက္ကဋ္ဌ ဦးသီဟအောင်က လှူဒါန်းသည့် မီးသတ်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၁၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်လှထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မီးသတ်ယာဉ်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

## မြို့နယ်အားကစားဖွံ့ဖြိုးရေး လှူဒါန်းငွေပေးအပ်

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော် ပျဉ်းမနားမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် “စိုး”လျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီလီမိတက်မှ လှူဒါန်းငွေများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၇ ရက်က ပျဉ်းမနားမြို့နယ် သံဃာ့ဆေးရုံ ပထမထပ်၌ကျင်းပရာ အလှူရှင် “စိုး” လျှပ်စစ်ဖောင်ဒေးရှင်းနာယကနှင့် “စိုး” လျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား ပြိုင်ပွဲဝင်မည့် မြို့နယ်ဘောလုံးအသင်းအတွက် ဝတ်စုံစရိတ် ကျပ် ၂၈ သိန်း၊ ဘော်လီဘောအသင်းအတွက် ဝတ်စုံစရိတ် ကျပ်လေးသိန်းနှစ်သောင်း၊ ပိုက်ကျော်ခြင်းအသင်းအတွက် ဝတ်စုံစရိတ် ကျပ်သုံးသိန်းသုံးသောင်း၊ ကိုယ်ကာယကြံ့ခိုင်မှု(အေရိုးဗစ်)အသင်းအတွက် ဝတ်စုံစရိတ် ကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းပြီး နောင်ကာလများတွင်လည်း ပျဉ်းမနားမြို့နယ်၏ အားကစားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၇)**




ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက် ခမ်း ၏ ဇနီး ဒေါ်နန်းရွှေမှုန် ငါးဘာသာ ဂုဏ် ထူး ဖြင့် အောင် မြင် ခဲ့သည့် ကျောင်းသား တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒအား အလှူငွေ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❁ ကျောဖုံးမှ

သောက်သုံးရေဖြန့်ဝေပေးပို့နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း တွဲဖက်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးဝင်းလှိုင်က လျှပ်စစ်ပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ထင်ရှူးမြိုင်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ထပ်မံရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နားမခေါ်ယာဉ်ရပ်နားစခန်းရှိ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ လားရှိုးမြို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်မိုးက ချယ်ရီမြိုင်အိမ်ရာစီမံကိန်းလုပ်ငန်းခွင်နှင့် စပ်လျဉ်း၍ တည်နေရာ အနေအထား၊ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းဆိုင်ရာအချက်အလက်များအပေါ် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်သင့် ပါဝင်ထိုက်သည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအပေါ် ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်ချက်များအလိုက် ပေါင်းစပ်ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ချယ်ရီမြိုင်အိမ်ရာစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ စီမံကိန်းဧရိယာအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ စည်ပင်သာယာရေးကော်မတီရုံးသို့ ရောက်ရှိကြရာ လားရှိုးမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက လားရှိုးမြို့ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်ချက်များ၊ ရေကြီးရေလျှံမှုများ မဖြစ်ပွားစေရန် ဆောင်ရွက်ခဲ့မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့ရပ်ရွာဒေသအလိုက် လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးဆိုင်ရာ လိုအပ်ချက်များအပေါ် ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်ချက်များအပေါ် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ကန်မိန်းကျောင်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး ကျောင်းတိုက် ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ကျောင်းတိုက်အတွက် ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရန် ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ မာန်ပျဉ်ကျောင်းတိုက်နှင့် မိုင်းတင်ကျောင်းတိုက်တို့အတွက် နဝကမ္မအလှူငွေကျပ် သိန်း ၅၀စီ ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မန်ဆူဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော်၊ ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဒုတိယသမ္မတနှင့် ဇနီးတို့က ကျောင်းတိုက်အတွက် အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေ ကျပ်သိန်း ၃၀ ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပေးအပ်လှူဒါန်းကြသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ရောက်ရှိပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဒုတိယသမ္မတနှင့် ဇနီးက အလှူငွေ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပရိယတ္တိသဒ္ဓမ္မပါလစာသင်တိုက် တောရကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဒုတိယသမ္မတနှင့်ဇနီးတို့က အလှူငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အလှူငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

# လေ့လာရေးခရီးသွားရောက်မည့် ကျောင်းသား ကျောင်းသူများ ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၇**

Myanmar Japan Association (MJA) က ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ်တွင် ကျရောက်သော မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့မှု နှစ်(၆၀)ပြည့်အထိမ်းအမှတ် မြန်မာ-ဂျပန်အသင်း ပညာရည်ထူးချွန်ဆုအတွက် ဂျပန်နိုင်ငံ လေ့လာရေးခရီးစဉ် သွားရောက်မည့် ကျောင်းသား ကျောင်းသူများသည် အုပ်ချုပ်သူများ လိုက်ပါလျက် စက်တင်ဘာ ၆ ရက် ညနေပိုင်းတွင် ANA လေကြောင်းဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ မြန်မာ-ဂျပန်အသင်း နာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် မြန်မာ-ဂျပန်အသင်းမှ အလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)**

ထူးချွန်ကျောင်းသား ကျောင်းသူများ ဂျပန်နိုင်ငံသို့ လေ့လာရေးသွားရောက်ရန်အတွက် မြန်မာ-ဂျပန်အသင်း၏ ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးကော်မတီသည် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအနက် အသင်း၏ ချမှတ်ထားသော ရွေးချယ်ရေး အခြေခံမှုများနှင့်အညီ လူတွေ့စစ်ဆေးကာ သိပ္ပံဘာသာတွဲမှ ၁၅ ဦးနှင့် ဝိဇ္ဇာဘာသာတွဲမှ ငါးဦးကို ရွေးချယ်ခဲ့သည်။ အဆိုပါကျောင်းသား ၂၀ မှာ မယွန်းရွှေလွှာ၊ မဇင်မိုးထက်၊ မသွယ်သွယ်စိုး၊ မဝတ်ရည်နန္ဒာ၊ မတင့်တင့်လှိုင်၊ မသင်းသင်းခိုင်၊ မသီရိထက်နိုင်၊ မဆုမြတ်သူ၊ မစိုးစန္ဒီ၊ မခင်ပြည့်စုံထွန်း၊ မစိုးစန္ဒီသိန်း၊ မအေးချမ်းမေ၊ မဘွေနှဲမ်းဆုန်၊ မခန့်ဆွေထက်၊ မောင်သီဟထက်နိုင်၊ မောင်စိုးပြည့်မောင်၊ မောင်ရန်အောင်ဖြိုး၊ မောင်ကောင်းထက်သူကျော်၊ မောင်လင်းထက်အောင်နှင့် မောင်ဆန်နီအေးဝင်းတို့ဖြစ်ကြသည်။

အဆိုပါ ထူးချွန်ကျောင်းသားများသည် စက်တင်ဘာ ၁၄ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ခရီးစဉ်အတွင်း တိုကျို၊ ကျိုတို၊ ကိုဘေးနှင့် ဆင်းဒိုင်မြို့များရှိ အစိုးရဌာနဆိုင်ရာများနှင့် ဂျပန်-မြန်မာအသင်းအပါအဝင် ကုမ္ပဏီအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ကျောင်းသား ကျောင်းသူများ၊ ဆွေးနွေးပွဲများ၊ Home Stay အစီအစဉ်များ၊ မြို့ပြအဆောက်အအုံများ၊ စီးပွားရေးလုပ်ငန်းကြီးများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှုခင်းများသို့ သွားရောက်လေ့လာတွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

နှစ်နိုင်ငံပြည်သူအကြား ကူးလူးဆက်ဆံမှုကို ကျောင်းသားလူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် တိုးမြှင့်ဖော်ဆောင်နိုင်ရန် နိုင်ငံတော်၏ အနာဂတ်ပညာရေးကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုစေရန် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထူးချွန်ကျောင်းသားကျောင်းသူများအား ရွေးချယ်၍ နိုင်ငံတော်နှင့် မိဘပြည်သူကိုယ်စား အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်ဂုဏ်ပြုချီးမြှင့်ရန် အဆိုပါခရီးစဉ်ကို ရည်ရွယ်စေလွှတ်ခြင်းဖြစ်ကြောင်းနှင့် အထက်ပါ ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ် ၂၀၁၄ အတွက် ကုန်ကျစရိတ်များကို အဓိကအလှူရှင်အနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်က လှူဒါန်းပံ့ပိုးပေးပြီး Golden Pinya Investment Co.,Ltd.၊ Sky Net ရုပ်သံလိုင်းနှင့် မြန်မာ-ဂျပန်အသင်းမှ ဗဟိုအလုပ်အမှုဆောင်များက ပါဝင်လှူဒါန်းပံ့ပိုးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**




# အရှိန်မထိန်းနိုင်သောယာဉ် လမ်းလယ်ကျွန်း ဘယ်ရီယာတုံးများအား ဝင်ရောက်တိုက်မိ

**နေပြည်တော် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၆/၅-၆)ကြား၌ စက်တင်ဘာ ၄ ရက် နံနက် ၇ နာရီ ၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့ တောင်ဒဂုံမြို့နယ် (၇၀)ရပ်ကွက် ပန်းလှိုင်လမ်းနေ ကျော်ထွန်းဝင်း (၃၉)နှစ် မောင်းနှင်လာသည့် CC/..... ပရိုဘောက်ဖြူနီကျား ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ဘယ်ရီယာတုံးများအား ဝင်ရောက်တိုက်မိပြီး လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိရပ်တန့်ခဲ့သည်။ ထိုသို့ တိုက်မိမှုကြောင့် CC/... ယာဉ်မှာ ဘောနပ်ဖုံး ပိန်ချိုင့်၊ ဝဲဘက်ရှေ့ဘီး ကွေးကောက်၊ တိုက်ရှော့ပြုတ်၊ ဝဲ၊ ယာအချက်ပြမီးကွဲ၊ ဝဲဘက် ရှေ့မီးသီးကွဲကာ ပျက်စီးသွားခဲ့ပြီး ကျော်ထွန်းဝင်းအား ယာဉ်(ပ)၂၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

○ **အမရပူရမှ**

နေဝင်ဆည်းဆာအလှကို ကြည့်ရှုနိုင်ပေသည်။ ရေတိုးချိန်တွင် ညနေဆည်းဆာနေရောင်ခြည်ဖြာဖြာကလေးများ မြစ်ရေတွင် ထင်ဟပ်နေပုံတို့ကို ကြိုးတံတားပေါ်မှခံစားကြည့်ရှုနိုင်ပေသည်။ နွေရာသီတွင်မူ ကြိုးတံတားရေကျော်တို့နှင့်အတူ လှပနေသောမြစ်ခွဲသည် အမရပူရမြို့နယ်တွင်လှပသော မြစ်ကမ်းကလေးဖြစ်နေပေသည်။

လှပသော ယင်းကြိုးတံတားသည် ကျေးရွာလူထုအကျိုးကို ဆတိုးထမ်းရွက်နေပေသည်။ ထိုတံတားသည် ပေ ၃၂၀ ရှည်ကာ မြန်မာနိုင်ငံမြစ်ခွဲများတွင် ဒုတိယအရှည်ဆုံးကြိုးတံတားဟုလည်း ဆိုကြသည်။ စတီးကြိုးများကို သွယ်ယှက်ကာအဆင့်မြင့်နည်းပညာဖြင့် ပြုလုပ်ထားပြီး နိုင်ငံခြားမှ အသင့်ယူလာကာလှူဒါန်းထားသော တံတားကလေးဖြစ်သည်။ မြန်မာအင်ဂျင်နီယာတစ်ဦး၏ ကူညီစွမ်းဆောင်မှုနှင့် ဆွစ်ဇာလန်နိုင်ငံသားအလှူရှင်၏သဒ္ဓါတရားကြောင့် မြစ်ငယ်မြစ်ခွဲပေါ်တွင် အလှတရားဝေဆာသွားခဲ့ပေသည်။ ခိုင်ခံ့သော စတီးကြိုးများ၊ အခင်းသံပြားများ၊ သံဆန်ခါ ကာရံထားခြင်းနှင့်အတူ လှပနေပေသည်။

အဆိုပါကြိုးတံတားသည် ကျေးလက်ပြည်သူအကျိုးကို ဆောင်နေသလို မြစ်ငယ်မြစ်၏ ဆည်းဆာအလှကို ကြည့်ရှုနိုင်သော ထူးခြားသည့် နေရာကလေးလည်းဖြစ်သည်။ အမရပူရမြို့နယ်ထဲတွင် မိုးရာသီရှုခင်း အတွက် ဓာတ်ပုံဆရာများ အားထားရိုက်ကူးသင့်သော ထူးခြားသည့် နေရာကလေးပင်ဖြစ်ပေသည်။ လှုပ်ခါကူးလူးယိမ်းထိုးနေသော ကြိုးတံတားသဘာဝအလှအပ၊ မြစ်ငယ်မြစ်၏ ဆည်းဆာအလှတို့သည် အမရပူရမြို့နယ်ဂုဏ်ကိုဆောင်ရင်း ကျေးလက်ပြည်သူအကျိုးကို သယ်ပိုးလျက်ရှိနေပါတော့သည်။ **(တိမ်တမန်)**

# ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးများ ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သွားကြမည်

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှစ်လစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr.Troung Tan Sang အား စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ သမ္မတအိမ်တော်သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် လွတ်လပ်ရေးရပြီးချိန်မှစတင်ကာ မိတ်ဖက်နိုင်ငံများဖြစ်ခဲ့ကြပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ လိုအပ်သည့်အချိန်တွင် အပြန်အလှန် ကူညီခဲ့ကြသည်များရှိပါကြောင်း၊ ယနေ့ကာလတွင် ဗီယက်နမ်-မြန်မာဆက်ဆံရေးသည် အထူးကောင်းမွန်ပြီး နှစ်နိုင်ငံကုန်သွယ်ရေးနှင့် အစိုးရအချင်းချင်း၊ ပါလီမန်အချင်းချင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လက်ရှိရင်းနှီးမြှုပ်နှံနေသောပမာဏထက် ပိုမိုရင်းနှီးနိုင်ရန် ကြိုးစားသွားမည်ဖြစ်ပြီး အခြားမိတ်ဖက်နိုင်ငံများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းသွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရာတွင် စက်မှုလယ်ယာဖြစ်ထွန်းရေးနှင့် စိုက်ပျိုးထုတ်ကုန်တိုးတက်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာသည်နှင့်အမျှ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နှစ်ဖက်အကျိုးအမြတ်များ ခံစားရမည်ဖြစ်ပါကြောင်း၊ ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးပူးပေါင်းဆောင်ရွက်ရေးများအား ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သွားကြမည်ဖြစ်ပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးကြပြီး ဆွေးနွေးပွဲအပြီးတွင် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။**(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ဒေါက်တာခင်ရွှေ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဗီယက်နမ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Dao Viet Trung၊ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Nguyen Manh Tien၊ ဟနွိုင်းမြို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Pham Huy Hung နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

စက်တင်ဘာ ၆ ရက် ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Nguyen Sinh Hung က ဟနွိုင်းမြို့ Sheraton Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ညစာသုံးဆောင်နေစဉ် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအကပဒေသာအဖွဲ့က ရိုးရာအကများဖြင့် တင်ဆက်ဖျော်ဖြေကြသည်။ အခမ်းအနားအပြီးတွင် ယဉ်ကျေးမှုအကပဒေသာအဖွဲ့အား ပန်းစည်းလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Nguyen Manh Tien နှင့် အဖွဲ့ဝင်များအား စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ ခေတ္တတည်းခိုသည့် Sofitel Plaza Hotel ၌ တွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ချစ်ကြည်ရေးအသင်းများသည် အလွန်အရေးကြီးပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် သက်ဆိုင်သည့်ပုဂ္ဂိုလ်များ အချင်းချင်းတွေ့ဆုံပြီး အမြင်ချင်းဖလှယ်မှုများပိုမိုတိုးတက်အောင် ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ဒေါက်တာခင်ရွှေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Nguyen Manh Tien နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဥပဒေရေးရာကော်မတီဝင် Mr. Phan Van Quy၊ ဟနွိုင်းမြို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Pham Huy Hung၊ ဟိုင်ဖုန်မြို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Nguyen Van Binh နှင့် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# လယ်ဝေးမြို့နယ် သန့်ရှင်းသာယာလှပရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ မြို့ရွာများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်လယ်ဝေးမြို့နယ်တွင် လမ်းများကောင်းမွန်ရေး၊ လမ်းဘေးဝဲ၊ ယာရှိ အရိပ်ရပင်များနှင့် သစ်ပင်ပန်းမန်များ၊ နှစ်ရှည်ပင်များ စနစ်တကျစိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ရေနုတ်မြောင်းများတူးဖော်ပြီး ရေစီးရေလာကောင်းမွန်ရေးတို့အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကျော်ငြိမ်းက စက်တင်ဘာ ၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(၁၀၇)**

အင်းလျားမြန်မာ Travels & Tours
ထိုင်း (3N/4D) SEP - 26
စင်ကာပူ (3N/4D) OCT - 03
ထိုင်း (5N/6D) OCT - 07
15% Discount ခရီးစဉ်အားလုံး အထူးလျှော့ဈေးနှုန်း
Special Promotion YGN-SIN Jetstar Air (USD - 65++)
ပြည်တွင်း၊ပြည်ပ လေယာဉ်လက်မှတ်များကို ဈေးနှုန်းချိုသာစွာဖြင့်အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။

အင်းလျားမြန်မာ
အင်းလေးဖောင်တော်ဦးဘုရားပွဲ-တောင်ကြီး-အင်းလေး-ကလော-ပင်းတယ( Sep 26) (၄ည ၅ရက်)
အင်းလေး(ရွှေအင်းတိမ်)-စကားအင်း-တောင်ကြီး-ကလော-ပင်းတယ ( Oct 03) (၅ည ၆ရက်)
ပုဂံ-(စွယ်တော်လေးဆူ-ပြည့်ငါးပြည့်)- ပုပ္ပါး -စလေ ( Oct 19) (၄ည ၅ရက်)
ဖိုးကျားသဘာဝအပန်းဖြေဆင်စခန်း (စနေ-တနင်္ဂနွေ) ( Oct 04)(၁ည ၂ရက်)
အပတ်စဉ်သောကြာနေ့တိုင်း ကျိုက်ထီးရိုးအထူးခရီးစဉ် (၂ည ၃ရက်)
အပတ်စဉ် ပြည်-အကောက်တောင် (စနေ-တနင်္ဂနွေ) (၁ည ၂ရက်)
အပတ်စဉ် ချောင်းသာ-ငွေဆောင် အပန်းဖြေခရီးစဉ် (October)(၂ည ၃ရက်)
၁၀ % အထူးလျှော့ဈေးနှုန်း
No.(93/B), 2nd Floor, Baho Street, Bet Thantadar Street & Tayokekyaung Street, Sanchaung Tsp, Yangon 01 - 518142, 01 - 505338 (Hotline - 09 - 422548616)

5 Years Warranty

MYANMAR EKARAT
Malikha Power Engineering Limited
Myanmar Ekarat Transformer
MALIKHA
အဆင့်မြင့်ဆုံးဂျာမန်နည်းပညာ၊မြင့်မားသောအရည်အသွေး၊သင့်တင့်သောဈေးနှုန်း၊ Heavy Load အသုံးပြုနိုင်ခြင်း၊အာမခံကာလ ၅ နှစ်၊ ပြည့်ဝသော Ampre ဖြင့် မြန်မာအေကရတ်ထရန်စဖော်မာ များကိုမြန်မာပြည်တွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
One-Stop Solution For Electrical Projects
ဆက်သွယ်ရန်လိပ်စာ ။ အမှတ်(၅၀၁/စီ)၊ တိစိစိရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း ။ (၉၅၁) ၅၁၆၅၁၂၊ ၅၁၆၅၁၀၊ ၅၀၀၆၁၆၊ ၇၀၇၀၇၃ (၉၅၉) ၈၆၁၁၈၈၀၊ ၄၂၀၀၇၁၇၆၉
ဆက်သွယ်ရန်ဖက်စ် ။ (၉၅၁) ၅၀၃၆၇၆
အီးမေးလ်လိပ်စာ ။ malikha.ekarat@gmail.com, power@malikhaengineering.com

# ထာဝရစောင့်ထိန်းကြ ဂရုဓမ္မသီလ

## တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

ရက်မြတ်ချိန်ခါ ဝါတွင်းသုံးလတွင် ပါဝင်သည့် "တော်သလင်းလ၏ လပြည့်နေ့" သည် ဘုရား၊ ကျောင်း၊ ဇရပ်များတွင် ဒါနကုသိုလ်ပြုရင်း ဥပုသ်သီတင်း ဆောက်တည်ခြင်းဟူသော သီလကုသိုလ်များ ပြုလုပ်စည်ကားသိုက်မြိုက်လျက်ရှိသည့် ဂရုဓမ္မအခါတော်နေ့ ဖြစ်သည်။ ဂရုဓမ္မသီလဟူသည် သူတော်စင်သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သည့်တရား ဖြစ်ပြီး-

**၁။ ပါဏာတိပါတာ ဝေရမဏီ** **(သူ့အသက်မသတ်ရ)**
**၂။ အဒိန္နာဒါနာ ဝေရမဏီ** **(သူတစ်ပါးဥစ္စာမခိုးရ)**
**၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ** **(ကာမဂုဏ်အမှု၌ မှားယွင်းစွာမကျင့်ရ)**
**၄။ မုသာဝါဒါ ဝေရမဏီ** **(မဟုတ်မမှန်စကားကို မပြောရ)**
**၅။ မဇ္ဇပါန ဝေရမဏီ** **(သေရည်သေရက် မသောက်ရ)**

စသည့် ငါးပါးသီလဖြစ်ပါသည်။

၎င်းငါးပါးသီလ၏ ဝိသေသအမည်များမှာ လူတိုင်းလိုက်နာကျင့်သုံးရမည့် ဓမ္မတာတရားဖြစ်သောကြောင့် **ဓမ္မတာ သီလ၊** စကြဝတေးမင်းတို့ ဓမ္မသတ်သဖွယ် အုပ်ချုပ်ကျင့်သုံးသောကြောင့် **စက္ကဝတ္တိဓမ္မသတ်၊** လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရားဖြစ်သောကြောင့် **ဂဟဋ္ဌသီလ၊** အရေအတွက် ငါးပါးရှိသောကြောင့် **ပဉ္စသီ ငါးပါးသီလ၊** လူပုဂ္ဂိုလ်တို့အတွက် အမြဲတမ်းဆောက်တည်စောင့်ထိန်းအပ်သောကြောင့် **နိစ္စသီလ၊** မြတ်စွာဘုရားကိုယ်တော်တိုင် တားမြစ်အပ်သော သီလဖြစ်၍ **ဝါရိတ္တသီလ၊** အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် **အရိယာကန္တသီလ၊** ကျင့်သုံးအပ်၊ ကျင့်သုံးထိုက်သောကြောင့် **သိက္ခာပဒသီလ** စသည်တို့ဖြစ်ပေသည်။ မှတ်သားရလွယ်ကူစေရန် **ဓမ္မတာဓမ်၊ ဂရုဓမ်၊ ဓမ္မသတ်ချက်ချာ၊ စကြာစိုးပြု၊ ကုရုဓမ္မ၊ ဂဟဋ္ဌနှင့်၊ ငါးဝပဉ္စသီ၊ ဂုဏ်ရည်နိစ္စ ဝါရိတ္တနှင့်၊ အရိယကန်၊ ငါးတန်မယုတ်၊ သိက္ခာပုဒ်၊ သမုတ်၍ဆယ်မည်**ဟု ဖွဲ့ဆိုထားပေသည်။

**ငါးပါးသီလကို** လုံခြုံအောင်စောင့်ထိန်းသည့် ပုဂ္ဂိုလ်များသည် ကြီးစွာသော ချမ်းသာစည်းစိမ်ကိုရခြင်း၊ ကောင်းသော ဂုဏ်သတင်းကျော်စောခြင်း၊ ပရိသတ်အလယ်တွင် ကျက်သရေမင်္ဂလာရှိပြီး ရွှင်လန်းသော မျက်နှာဖြင့် တင့်တယ်ခြင်း၊ သေသည့်အခါ မတွေမဝေကြည်ကြည်လင်လင်ဖြင့် မိမိပြုခဲ့သမျှသော ကောင်းမှုကုသိုလ်တို့ကို ထင်မြင်၍ သေသည့်အခါ ကောင်းမှုပြုသူတို့လားရာဖြစ်သော သုဂတိဘုံသို့ မချွတ်ဧကန်ရောက်ရခြင်းဟူသည့် အကျိုးငါးပါးရရှိပေမည်။ သိမှတ်လွယ်ရန်အလင်္ကာမှာ **"စည်းစိမ်ရလျှင်း၊ သတင်းကောင်းပျံ့၊ မရွံ့ပရိသာ၊ သေခါမတွေ၊ သေနတ်ရွာလား၊ ကျိုးငါးပါး၊ မှတ်သားသီလဝန္တ"**ဟူ၍ ဖြစ်ပါသည်။

**"ငါးပါးသီလ"** ပျက်စီးသူ(မရှိသူ)များသည် စည်းစိမ်ပျက်စီးခြင်း၊ မကောင်းသော သတင်းဆိုးပျံ့နှံ့ခြင်း၊ ပရိသတ်ကို ကြောက်ရွံ့ခြင်း၊ သေသည့်အခါတွေဝေပြီး သေရခြင်း၊ သေသည့်အခါ အပါယ်ငရဲသို့ကျရောက်ရခြင်း ဟူသည့်ဆိုးကျိုး(အပြစ်) ငါးပါးရရှိပေမည်။ သိမှတ်လွယ်ရန်လင်္ကာမှာ **"စည်းစိမ်ပျက်လျှင်း၊ သတင်းဆိုးနံ့၊ ကြောက်ရွံ့ပရိသာ၊ သေခါတွေဝေ၊ သေငရဲလား၊ ပြစ်ငါးပါးမှတ်သားဒုသီလ"**ဟု ဖြစ်သည်။

**"ငါးပါးသီလ"** စောင့်ထိန်းခြင်းမြဲသည့်အတွက် အသက်ငယ်ရွယ်ချိန်တွင် မသေဆုံးဘဲ သက်တမ်းစေ့နေရပုံကို ငါးရာငါးဆယ့်ဒသကနိပါတ် ဓမ္မပါလဇာတ်တော်တွင် မြတ်စွာဘုရားအလောင်းတော်သည် ဗာရာဏသီပြည် ကာသိတိုင်း ဓမ္မာပါလရွာ၌ ဓမ္မပါလဟုခေါ်တွင်သော လူပုဂ္ဂိုလ်ဖြစ်လာကြောင်း၊ အရွယ်ရောက်လာသောအခါ တက္ကသိုလ်ပြည်သို့ ပညာသင်သွားရောက်ရကြောင်း၊ တစ်နေ့သောအခါ ဒိသာပါမောက္ခကြီး၏ ငယ်ရွယ်သူ သားတစ်ယောက်သေဆုံး၍ တပည့်များ၊ မိသားစုများ ယူကျုံးမရ ငိုယိုပူဆွေးရသော်လည်း "ဓမ္မပါလလုလင်" မှာ လုံးဝပူဆွေးငိုယိုခြင်းမရှိသဖြင့် အများက မေးမြန်းသည့်အခါ ဓမ္မပါလရွာတွင်နေထိုင်သူတစ်မျိုးလုံး ငါးပါးသီလစောင့်ထိန်းကြသည့်အတွက် ငယ်ငယ်ရွယ်ရွယ်နှင့် သေရိုးထုံးစံမရှိသဖြင့် ပူဆွေးငိုယိုခြင်းမရှိပါဟု ပြန်လည်ပြောကြားကြောင်း၊ ထို့နောက် ဓမ္မပါလလုလင်၏ ပြောစကား ဟုတ်မှန်မှုရှိမရှိ စုံစမ်းရန် အရိုးတချို့ကို အဝတ်ဖြင့် ထုပ်ကာ ဓမ္မပါလလုလင်၏ မွေးရာဇာတိသို့ ဒိသာပါမောက္ခဆရာကြီးကိုယ်တိုင် သွားရောက်ပြီး ဓမ္မပါလသေဆုံးသည်ကို ကိုယ်တိုင်လာရောက်အသိပေးခြင်းဖြစ်ကြောင်း၊ ဤအရိုးများသည် သင်တို့သား ဓမ္မပါလ၏ အရိုးများဖြစ်ကြောင်း ပြောကြားသည်ကို မိဘဆွေမျိုးများနှင့် ရွာသူရွာသားများက မယုံကြည်ကြသည့်အပြင် လက်ခုပ်လက်ဝါးတီးပြီး ပြင်းစွာ ရယ်မောကြကြောင်း၊ ဆရာကြီးက အကျိုးအကြောင်း မေးသည့်အခါ ဓမ္မပါလတစ်ရွာလုံး၊ တစ်မျိုးလုံး၊ **ငါးပါးသီလ**မြဲကြသဖြင့် ငယ်ငယ်ရွယ်ရွယ်သေရိုးထုံးစံမရှိ၊ သက်တမ်းစေ့နေရကြောင်း၊ ဓမ္မပါလလုလင်၏ ဖခင်က ဓမ္မပါလရွာသူရွာသားများတွင် မိဘများတရားစောင့်ကြ၍ သားသမီးများ ကိုယ်ကျင့်တရားကောင်းမွန်ကြကြောင်း၊ ဉာဏ်ပညာထက်မြက်သော သားသမီးများထွန်းကားကြကြောင်း၊ သေရမည်ကို မကြောက်ကြကြောင်းနှင့် သေပြီးသည့်နောက်တွင်လည်း အပါယ်မကျရောက်နိုင်ကြောင်း စသည့် အကျိုးဆက်များကို ဆက်လက်ပြောကြားသဖြင့် ဒိသာပါမောက္ခဆရာကြီးက ကြည်နူးဝမ်းမြောက်စွာ သာဓုခေါ်၍ မိမိတိုင်းပြည်သို့ ပြန်လာခဲ့ကြောင်း ပြဆိုထားပါသည်။ သီလကို အခြေပြုထားသည့် ဤဂရုဓမ္မအခါတော်နေ့သည် ဝါတွင်းကာလဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် မည်သို့နေထိုင်ကျင့်ကြံ အားထုတ်လုပ်ကိုင်ဆောင်ရွက်နေကြရမည်ကို အစဉ်အမြဲ ဆင်ခြင်နှလုံးသွင်းလျက် ရှိကြရမည်ဖြစ်ပေသည်။ သို့မှသာလျှင် ဗုဒ္ဓဘာသာယဉ်ကျေးမှု မင်္ဂလာတရားတော်နှင့် ကိုက်ညီပေလိမ့်မည်။

မိုးလေငြိမ်သက်ပြီး လယ်ယာလုပ်ငန်းခွင်ဝယ် တောင်သူလယ်သမားတို့အဖို့ ထွန်တုံးပိတ်၍ ခေတ္တအနားယူချိန်ဖြစ်သည့် ဤတော်သလင်းလတွင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ဒေသများ၌ ဝါတွင်းကာလ ဓလေ့ထုံးစံနှင့်အညီ အဖိတ်နေ့မှစ၍ ရပ်ကွက်/ကျေးရွာများရှိ ဓမ္မစကြာအသင်းအဖွဲ့များ၊ ဝတ်ရွတ်အဖွဲ့များက ဘုရားဂုဏ်တော်များ၊ ဓမ္မစကြာတရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြပေသည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ဝါတွင်းကာလ အကျုံးဝင်သော ဤတော်သလင်းလ၌ သူတော်စင်တို့၏ ကျင့်စဉ်ဖြစ်သည့် ပါရမီ(၁၀)ပါးတွင် တစ်ပါးဖြစ်သည့် သီလပါရမီတွင် ပါဝင်သော ရှောင်ကြဉ်ရန်တားမြစ်သည့် ဝါရိတ္တသီလ(ဝါ) ဂရုဓမ္မသီလတည်းဟူသော **ငါးပါးသီလ**ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

**❋ မြန်မာယူ-၁၉မှ**




မြန်မာအသင်းမှာ အောင်သူ၊ ကျော်မင်းဦး၊ နန္ဒကျော်၊ ငြိမ်းချမ်းအောင်တို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းမှာ ပထမပိုင်း တစ်ပိုင်းလုံး ဖိကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းခွင့်အချို့ကို အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစ တစ်မိနစ်မှာပင် တိုက်စစ်မှူး အောင်သူက မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၆၂ မိနစ်တွင် နောက်ခံလူ ထိုက်ထိုက်အောင်က အဝေးမှလှလှပပကန်သွင်းကာ ဒုတိယဂိုးရယူပေးခဲ့သည်။ ၆၉ မိနစ်တွင် မြန်မာကွင်းလယ်လူ ကျော်မင်းဦး နှစ်ဝါ တစ်နီဖြင့် အထုတ်ခံရ၍ မြန်မာအသင်းတစ်ယောက်လျော့သွားပြီး ထိုင်းအသင်း ပြန်ဖိကစားနိုင်ခဲ့သည်။ ထိုင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၆ မိနစ်တွင် ဒိုဖွန်က သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် ထိုင်းမှ ရှင်နာဖတ် ကစားပုံကြမ်းတမ်းခဲ့သောကြောင့် တိုက်ရိုက်အနီကတ်ဖြင့် အထုတ်ခံခဲ့ရသည်။ မြန်မာအသင်းမှာ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင်လည်း ထိုင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စု(ခ)၏ ဒုတိယနေ့ပွဲစဉ်တွင် ဂျပန်အသင်းက ဩစတြေးလျအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ စက်တင်ဘာ ၅ ရက်က ကျင်းပသည့် ပထမနေ့ပွဲစဉ်တွင် ထိုင်းက အင်ဒိုနီးရှားကို ခြောက်ဂိုး-နှစ်ဂိုး၊ ဗီယက်နမ်က ဩစတြေးလျကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲအပြီးတွင် အုပ်စု(က)၌ မြန်မာနှင့် ထိုင်းတို့က သုံးမှတ်စီရရှိထားပြီး အင်ဒိုနီးရှားက တစ်ပွဲရှုံးကာ အမှတ်မရသေးပေ။ အုပ်စု(ခ)တွင် တစ်ပွဲစီအနိုင်ရထားသည့် ဂျပန်နှင့် ဗီယက်နမ်အသင်းတို့က ဆီမီးတက်သွားပြီး နှစ်ပွဲစလုံးရှုံးသွားသည့် ဩစတြေးလျအသင်းမှာ အုပ်စုမှထွက်ရပြီဖြစ်သည်။

**(စိုးညွန့်)**

ooo

---

## ချန်ပီယံမြန်မာ့လက်ရွေးစင်အသင်း ရန်ကုန်မြို့တွင် လှည့်လည်အောင်ပွဲခံမည်

**ရန်ကုန်　　စက်တင်ဘာ　　၇**

ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီကျော်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်း လှည့်လည်အောင်ပွဲခံသွားမည်ဖြစ်သည်။

အောင်ပွဲရမြန်မာ့လက်ရွေးစင်အသင်းသည် လေဆိပ်မှတစ်ဆင့် ပြည်လမ်းအတိုင်း၊ လှည်းတန်းမီးပွိုင့်မှ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း၊ ကုက္ကိုင်းမီးပွိုင့်မှ ကမ္ဘာအေးစေတီလမ်းသို့ ပြန်ကွေ့ကာ သစ္စာလမ်းအတိုင်း ဝေဇယန္တာလမ်းမှ သုဝဏ္ဏဘောလုံးကွင်းအထိ လှည့်လည်အောင်ပွဲခံမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း၏ ဆုဖလားအပ်နှံပွဲကို သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့ဘောလုံးလောကအတွက် မင်္ဂလာရှိသော အခါသမယပင်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းက ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုရယူပြီး အောင်ပွဲနှင့်အတူ ပြန်လာပြီး ရက်ပိုင်းအတွင်းမှာပင် မြန်မာလက်ရွေးစင်အသင်းက ထပ်ဆင့်အောင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲကို အသင်းလေးသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအသင်းမှာ ဆီမီးဖိုင်နယ်တွင် ပါလက်စတိုင်းအသင်းကို လေးဂိုး-တစ်ဂိုး၊ ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာပါလက်စတိုင်း၊ ဖိလစ်ပိုင်အသင်းတို့နှင့် ယခုနောက်ပိုင်းတွေ့ဆုံသော ပွဲများတွင် ရလဒ်မကောင်းခဲ့သော်လည်း ယခုနိုင်ပွဲများ ပြန်လည်ရယူကာ ရှုံးကြွေးဆပ်နိုင်ခဲ့ခြင်းဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

GOLDEN STAR Travels & Tours
☆ ပုပ္ပား(အဘထွက်ပွဲ)-ပုဂံ(စွယ်တော်လေးဆူ) နှင့် ဘုရားစုံ Sep-9
☆ တောင်ကြီး-အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)-ပင်းတယ Oct-3,....
☆ ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (တားချိုးစုံ စင်းဆုံးငှားသည်။)
Ph: 209200, 430480, 544383, 09-5081580, 09-5046000

ရွှေနဂါး ကျိုက်ထီးရိုး၊ ချောင်းသာ
❖ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပား(အဘထွက်ပွဲ) နှင့် ဘုရားစုံ Sep-9
❖ တောင်ကြီး-အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)-ပင်းတယ Oct-3,...
Ph: 209077, 209388, 09 73167000,09 73168000

အောင်ပါဝေ ရွှေထက် (အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားပို့ဆောင်ရေး)
09250202697,0931629890,0949577445
ဖောင်တော်ဦးဘုရားပွဲ တောင်ကြီး၊ ကလော၊ ထဝ့်စမ်းသိုက်ရွာ၊ အင်းလေး၊ ရွှေတော်ကတ္တူ၊ ပင်းတယ Oct-3
ပုဂံ၊ ညောင်ဦး ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ မြည်ထင်းမြည် တောင်ကြီးမီးပုံးပျံပွဲ မြင်ဦးလှိုင်မီးပုံးပျံပွဲ
ခရီးစဉ်အားလုံး Hotel Package (စရိတ်ငြိမ်း) ကြိုတင်လက်မှတ်ဝယ်ယူရရှိနိုင်ပါသည်။

သီတင်းကျွတ်ကျောင်းပိတ်ရက် မှာ ပျော်ရွှင်မှု နှင့် အတွေ့အကြုံသစ်များ ရရှိခံစားစေဖို့
Nice Fare Travel IATA နှင့် ခရီးသွားကြစို့ ..................
၅ ညအိပ် ၆ ရက် ဘန်ကောက်၊ပတ္တရား
၃ ညအိပ် ၄ ရက် မလေးရှား ခရီးစဉ်
၄ ညအိပ် ၅ ရက် စင်္ကာပူ ခရီးစဉ်
၆ ညအိပ် ၇ ရက် ကိုရီးယား ခရီးစဉ်
၇ ညအိပ် ၈ ရက် ဂျပန် ခရီးစဉ်
၅ ညအိပ် ၆ ရက် ဘန်ကောက်၊ဖူးခက်
၄ ညအိပ် ၅ ရက် ဗီယက်နမ် ခရီးစဉ်
၁၃ ညအိပ် ၁၄ ရက် ဥရောပ ခရီးစဉ်
ခရီးစဉ်အားလုံးတွင် အသွားအပြန်လေယာဉ်လက်မှတ် ၊4 Stars Hotel ၊ ဗီဇာ ၊ အစားအသောက် ၊ခရီးစဉ်တစ်လျှောက်ရှိ ဝင်ကြေးများနှင့် ပြင်ပမှ အငှား Tour Leader လုံးဝ(လုံးဝ) မခေါ်ဘဲ ၁၀ နှစ်ကျော် အတွေ့အကြုံရှိ ကုမ္ပဏီမှ MD ၊ Director များ ၊ Tour Manager များ ၊ ဝန်ထမ်းများ ကိုယ်တိုင်နွေးထွေးပျူငှာစွာ ဂရုတစိုက် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
ခရီးစဉ်စုံစမ်းရန် - ၀၁-၂၅၅၆၉၉ ၊ ၀၉-၅၁၃၉၂၄၃ ၊ ၀၉-၅၀၈၄၉၁၈ ၊၀၉-၂၅၅၉၂၇၆၁၈

ပြည်တွင်းရေးရာ

# သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် နိုင်ငံရေးပါတီများ ညှိနှိုင်းတိုင်ပင်ချက်များအရ ယခုနှစ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်မဟုတ်

**ရန်ကုန် စက်တင်ဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၁၀) ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်နှင့် ဦးဝင်းကို၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အခြေစိုက် နိုင်ငံရေးပါတီ (၃၅)ပါတီတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)**

တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် လှည်းကူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းက ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပေးရန် အစီအစဉ် ရှိ၊ မရှိကို ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့သဖြင့် ၂၀၁၄ ခုနှစ် မတ် ၂၀ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးရန် အစီအစဉ်ရှိပါကြောင်းနှင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို အနည်းဆုံး သုံးလကြိုတင်၍ ကြေညာပေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်တွင် ဖြေကြားခဲ့ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ယင်းသို့ လွှတ်တော်တွင် ကတိပြုဖြေကြားထားချက်နှင့်အညီ အာဆီယံထိပ်သီးအစည်းအဝေးများအပြီး နိုဝင်ဘာလကုန်သို့မဟုတ် ဒီဇင်ဘာလဆန်းခန့်တွင် ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်ရန် လျာထားခဲ့ပါကြောင်း၊ သို့ရာတွင် အာဆီယံထိပ်သီးအစည်းအဝေးမှာ ယခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်ခန့်တွင် ကျင်းပမည်ဟု သိရှိရပါကြောင်း၊ ယင်းအစည်းအဝေးအပြီး နိုဝင်ဘာလ တတိယပတ်ခန့်တွင် မဲဆွယ်စည်းရုံးမှုများပြုလုပ်စေပြီးနောက် ဒီဇင်ဘာလ နောက်ဆုံးပတ်ခန့်တွင် ကြားဖြတ်ရွေးကောက်ပွဲကို ရက်သတ်မှတ်ကျင်းပနိုင်မည်ဖြစ်ပါကြောင်း၊ မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၃၀ သတ်မှတ်ထားပါကြောင်း၊ ထို့နောက် ၂၀၁၄ ခုနှစ်အတွင်း ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်ပေးမည်ဆိုပါက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ စက်တင်ဘာလ တတိယပတ်ခန့်တွင် ရွေးကောက်ပွဲရက်များ သတ်မှတ်ကြေညာပြီး ဒီဇင်ဘာလ နောက်ဆုံးပတ်ခန့်တွင် ရွေးကောက်ပွဲများ ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ၎င်းက "သို့ရာတွင် ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးရန်အတွက် လစ်လပ်နေသည့် မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်တွင် ၁၃ နေရာ၊ အမျိုးသားလွှတ်တော်တွင် ၆ နေရာနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အသီးသီးတွင် ၁၆ နေရာ စုစုပေါင်း ၃၅ နေရာသာ ရှိပါကြောင်း၊ အချို့လစ်လပ်နေရာများတွင် လုံခြုံရေးအခြေအနေအရလည်းကောင်း၊ မဲစာရင်းနှင့် မဲပေးခွင့်ကိစ္စရပ်များအခြေအနေကြောင့်လည်းကောင်း ရွေးကောက်ပွဲကျင်းပနိုင်ခြင်း ရှိ၊ မရှိ ပြန်လည်သုံးသပ်ရန် ရှိနေပါကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်များအနေဖြင့် လစ်လပ်နေသော လွှတ်တော်ကိုယ်စားလှယ်များကို ဖြည့်တင်းနိုင်ရုံမျှဖြင့် လွှတ်တော်အတွင်းမဲခွဲဆုံးဖြတ်မှုများတွင် သိသာသည့်အကျိုးရလဒ်ပြောင်းလဲသွားနိုင်ခြင်း မရှိပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် ယခုအခါ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အသက်တမျှ အရေးကြီးလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စများ၊ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်စေမည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရေးကိစ္စများ စသည့်အရေးပါသော လုပ်ငန်းတာဝန်များ ဆောင်ရွက်နေရပါကြောင်း၊ ယင်းတာဝန်များအတွက် ကော်မတီ၊ ကော်မရှင်အသီးသီးတွင် ပါဝင်ဆောင်ရွက်နေရသော နိုင်ငံရေးပါတီကိုယ်စားလှယ်များသည်လည်း ကြီးလေးသည့်လုပ်ငန်းတာဝန်များဖြင့် မအားလပ်အောင်ရှိနေပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲရှိမည်ဆိုပါက ယင်းပါတီခေါင်းဆောင်၊ ပါတီကိုယ်စားလှယ်များသည် မိမိတို့ပါတီအောင်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်လိုအပ်သဖြင့် ထပ်မံ၍ဝန်ပိကြဦးမည် ဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့်လည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂(က)(၁)၏ ရှင်းလင်းချက်ပါ ပြဋ္ဌာန်းချက်အရ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲပြီး နောက်ပိုင်းတွင်မှ မှတ်ပုံတင်ခဲ့ကြသည့် နိုင်ငံရေးပါတီ ၃၀ တို့သည် ကြားဖြတ်ရွေးကောက်ပွဲတွင် အနည်းဆုံး မဲဆန္ဒနယ် ၃ နယ် ဝင်ရောက်ယှဉ်ပြိုင်ကြရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်ပါက ပါတီမှတ်ပုံတင်ပယ်ဖျက်ပြီး ပါတီဖျက်သိမ်းခံရနိုင်ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ နောက်ပိုင်းမှတ်ပုံတင်လာသည့် ပါတီ ၃၀ တွင် မကြာသေးမီကမှ မှတ်ပုံတင်ခွင့်ရရှိသော ပါတီသစ်များလည်း ပါဝင်နေပါကြောင်း။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လွှတ်တော်အတွင်း ရောက်ရှိနေသော နိုင်ငံရေးပါတီများလည်း ကြားဖြတ်ရွေးကောက်ပွဲကြောင့် ငွေကုန်လူပန်းဖြင့် ဝန်ပိနိုင်သလို ပါတီသစ်များအတွက်လည်း ပါတီတည်ထောင်စမှာပင် ရွေးကောက်ပွဲဝင်ရသဖြင့် စည်းရုံးချိန်လုံလောက်မှုမရှိသည့်အတွက် ငွေကုန်လူပန်းဖြစ်နိုင်ပါကြောင်း။

တစ်ဖက်တွင်လည်း ဤကြားဖြတ်ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ခံကြရမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းမှာလည်း ၂၀၁၅ ခုနှစ်ဇန်နဝါရီလမှ စတင်လျှင် တစ်နှစ်ခန့်သာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကျင်းပရန်ရက်များကို ၂၀၁၅ ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလခန့်တွင် ထုတ်ပြန်ကြေညာပေးရမည်ဖြစ်ရာ ပါတီများအနေဖြင့် တစ်နှစ်ခန့်ကာလတွင် ရွေးကောက်ပွဲနှစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ ထပ်မံ၍ ငွေကုန်လူပန်းဖြစ်ပေါ်နိုင်ပါကြောင်း ပြောကြားခဲ့သည်။



ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မိမိတို့ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့်မူ လွှတ်တော်တွင်ဖြေကြားခဲ့သည့် ကတိကဝတ်များအတိုင်း ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ်အတွင်းကျင်းပပေးရန်ပြင်ဆင်ထားခဲ့ပါကြောင်း၊ သို့ရာတွင် ယခုအခါ လွှတ်တော်အသီးသီးတွင် ရွေးကောက်ပွဲစနစ်ပြောင်းလဲရန် အဆိုတင်သွင်းလေ့လာခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများပြုလုပ်နေပါကြောင်း၊ လွှတ်တော်များတွင် ဆွေးနွေးဆုံးဖြတ်မှုများအရ မကြာမီအချိန်ကာလအတွင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများအား အသစ်ပြင်ဆင်ပြဋ္ဌာန်းမှုများရှိလာနိုင်ပြီး ရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း နည်းဥပဒေအသစ်များ ပြုစုရေးဆွဲထုတ်ပြန်ရန်ရှိနေပါကြောင်း၊ ပြင်ဆင်ပြောင်းလဲလာမည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်း လက်စွဲစာစောင်များ အသစ်ပြုစုထုတ်ဝေပြီး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံဝန်ထမ်းများကို သင်တန်းပေးခြင်း၊ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများကို အသိပညာဖြန့်ဝေခြင်း၊ မဲဆန္ဒရှင်ပြည်သူလူထုကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ပြုလုပ်ရန် လိုအပ်လာပါကြောင်း။

၂၀၁၄ ခုနှစ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဆိုပါက နိုင်ငံတော်မှ ဘဏ္ဍာငွေကျပ် ၁ ဒသမ ၇၇ ဘီလီယံ ခန့်မှန်းတောင်းခံထားရပြီး သန်းခေါင်စာရင်းလုပ်ငန်းထောက်ပံ့ငွေကဲ့သို့ မဲရုံဝန်ထမ်းများကို ထောက်ပံ့ငွေတိုးမြှင့်ပေးလျှင် ငွေကျပ် ၂ ဘီလီယံကျော် ကုန်ကျနိုင်ပါကြောင်း၊ ယင်းကုန်ကျစရိတ်များမှာ နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိ၊ မရှိ စဉ်းစားရန် လိုအပ်လာပါကြောင်း၊ ထို့အပြင် ကော်မရှင်အနေဖြင့် ယင်းကြားဖြတ်ရွေးကောက်ပွဲတာဝန်များကြောင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ဆောင်ရွက်နေရသော ဖော်ပြပါလုပ်ငန်းတာဝန်များတွင် အားနည်းသွားနိုင်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် အထက်ဖော်ပြပါ အားနည်းချက်၊ အားသာချက်များအား စဉ်းစားသုံးသပ်ပြီး ၂၀၁၄ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် သင့်၊ မသင့်ကို ဆုံးဖြတ်ရန် လိုအပ်လာပါကြောင်း။

သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ဥပဒေပုဒ်မ ၁၄ အရ ကော်မရှင်သည်ရွေးကောက်ပွဲများကျင်းပမည့် နေ့ရက်သတ်မှတ်ခြင်းကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် နိုင်ငံရေးပါတီများအား ညှိနှိုင်းတိုင်ပင်ခဲ့ပါကြောင်း။

ယင်းသို့ ညှိနှိုင်းတိုင်ပင်ချက်များအရ ၂၀၁၄ ခုနှစ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန် မသင့်ကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၁(က) အရ ယခုနှစ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်မဟုတ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မီဒီယာများနှင့်တွေ့ဆုံ၍ ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်မှု အခြေအနေများအား သုံးသပ်တင်ပြပြီး ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် မရှိတော့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုအခြေအနေနှင့် မဲစာရင်းကောက်ယူမှု ရွှေ့ပြောင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**




## မိတ္ထီလာဝန်ထမ်းအိမ်ရာ သုံးထပ်အဆောက်အအုံသစ်တွင် နယ်ဝေးဒေသမှ လာရောက်တာဝန်ထမ်းဆောင်သူ ဝန်ထမ်းများအား နေထိုင်ခွင့်ပြုသွားမည်

**မိတ္ထီလာ စက်တင်ဘာ ၇**

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးသွားသည့် ဝန်ထမ်းအိမ်ရာ သုံးထပ်အဆောက်အအုံသစ်တွင် နယ်ဝေးဒေသမှ လာရောက်တာဝန်ထမ်းဆောင်သူ ဝန်ထမ်းများအား နေထိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာသုံးထပ်အဆောက်အအုံသစ်မှာ လေးခန်းတွဲ သုံးထပ် အဆောက်အအုံဖြစ်ပြီး အခန်း ၁၂ ခန်းပါဝင်ကာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်တွင် နယ်ဝေးဒေသမှ လာရောက် တာဝန်ထမ်းဆောင်နေသူကိုသာ ဦးစီးပေးနေထိုင်ခွင့်ပြုသွားမည်ဖြစ်ပြီးနေထိုင်ခွင့်ရရှိသူဝန်ထမ်းများအနေဖြင့် လစဉ်ငှားရမ်းနေထိုင်ခအဖြစ် လစာ၏ ၁၀ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



❖ ရှေ့ဖုံးမှ
သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပရော်ဖက်ဆာများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စားသောက်ကုန်သိပ္ပံပညာနှင့် စပ်လျဉ်းသည့် Pilot Plant ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အသုံးချသိပ္ပံတက္ကသိုလ်၏ စိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြပြီး Schupfen ကျေးရွာရှိ စိုက်ပျိုးမွေးမြူရေးခြံအတွင်း နို့စားနွားများ မွေးမြူထားရှိမှု၊ အစားအစာကျွေးမွေးမှု၊ နို့စားနွားစာများ စနစ်တကျ ထုတ်လုပ်မှုနှင့် နို့စားနွားများအား စက်ဖြင့် နို့ညှစ်ယူ၍ ထုတ်လုပ်ဖြန့်ချိမှုတို့ကို ကြည့်ရှုလေ့လာရာ Mr. Peter Spring က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စိုက်ပျိုးမွေးမြူရေးခြံ မိသားစုဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဒေသထွက်ကုန်အစားအစာများဖြင့် တည်ခင်းဧည့်ခံသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုသည့် ဘန်းမြို့ရှိ Hotel Bellevue Palace ၌ ဂျိနီဗာမြို့ရှိ မြန်မာသံအမတ်ကြီးနှင့် သံရုံးမိသားစုဝင်များ၊ ပညာတော်သင်များအား တွေ့ဆုံ၍ သြဝါဒစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်ဝေက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲက ဘန်းမြို့ရှိ Payerne Air Base ပိုင်ယန်းလေတပ်စခန်း၌ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်အား ကြည့်ရှုလေ့လာရာတွင် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse ကို ၂၀၁၀ ခုနှစ် ဇွန်လတွင် စတင်ပျံသန်းခဲ့ပြီး ပထမဆုံးအကြိမ် လောင်စာဆီမသုံးဘဲ ၂၆ နာရီ ဆက်တိုက်ပျံသန်းနိုင်သည့် လေယာဉ်အဖြစ် မှတ်တမ်းတင်ခံရကြောင်း၊ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုကို ဖြတ်ကျော်ပျံသန်းခဲ့ပြီး ယခု လေယာဉ်သည် ဒုတိယမျိုးဆက်လေယာဉ် ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် မတ်လတွင် ကမ္ဘာတစ်ပတ်ပျံသန်းမှုပြုလုပ်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

ထိုသို့ ပျံသန်းစဉ် မြန်မာနိုင်ငံတွင် ခရီးတစ်ထောက်ဆင်းသက်ရပ်နားလိုကြောင်းဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံချိန်တွင် ဆွစ်ဇာလန်နိုင်ငံသမ္မတ Mr. Didier Burkhalter က ကမ်းလှမ်းခဲ့သဖြင့် နိုင်ငံတော်သမ္မတက သဘောတူခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ခရီးစဉ်အောင်မြင်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

၂၀၁၅ ခုနှစ် မတ်လတွင် အဆိုပါလေယာဉ်သည် မန္တလေးမြို့တွင် ခရီးတစ်ထောက် ရပ်နားဆင်းသက်မည်ဖြစ်ပြီး ထိုသို့ရပ်နားစဉ်ကာလအတွင်း နေရောင်ခြည်စွမ်းအင်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အများပြည်သူလေ့လာနိုင်ရန် စီစဉ်ပေးခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ အစီအစဉ်အရ အာဆီယံနိုင်ငံများအနက် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ ယင်းနေရောင်ခြည်စွမ်းအင်သုံးလေယာဉ် ခရီးတစ်ထောက်ရပ်နားမည်ဟု သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Konolfingen ရှိ Nestle စက်ရုံကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

Nestle ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ စတင်ပြီး ခြောက်နှစ်တာ ကာလအတွင်း ဒေါ်လာသန်း ၅၀ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်။ ၂၀၁၃ ခုနှစ်တွင် နက်စ်လေမြန်မာကုမ္ပဏီကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ခဲ့ပြီး ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

နက်စ်လေ ကုမ္ပဏီအနေဖြင့် ကော်ဖီ၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ရေသန့်နှင့် ဖျော်ရည်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲက ဘန်းမြို့ရှိ Payerne Air Base ပိုင်ယန်းလေတပ်စခန်း၌ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်အား ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ဘန်းမြို့နယ်အတွင်းရှိ အသုံးချသိပ္ပံပညာတက္ကသိုလ် စိုက်ပျိုးမွေးမြူရေးခြံအတွင်း နို့စားနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စိုက်ပျိုးမွေးမြူရေးခြံ မိသားစုဝင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇူးရစ်မြို့ရှိ ပြတိုက်များအား ကြည့်ရှုလေ့လာ

**ဇူးရစ် စက်တင်ဘာ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ဘန်းမြို့မှမော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဇူးရစ်မြို့ရှိ ယဉ်ကျေးမှုသမိုင်းပြတိုက် (Schweizer Landesmuseum)သို့ ရောက်ရှိကြသည်။

ထို့နောက် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဆွစ်ဇာလန်နိုင်ငံ၏ သမိုင်းဆိုင်ရာပြခန်းများမှ ခေတ်အဆက်ဆက် လူ့အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြတိုက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ပြတိုက်မှ တာဝန်ရှိသူများသည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ဆွစ်ဇာလန်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန Federal Office of Culture လက်အောက်ခံ Swiss National Museum သည် ဇူးရစ်မြို့၌တည်ရှိပြီး ၁၈၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ အဆောက်အအုံဗိသုကာပညာရှင်မှာ ဆွစ်လူမျိုး Mr.Gustav Guil ဖြစ်ပြီး ၎င်းသည် ဇူးရစ်နည်းပညာသိပ္ပံကျောင်းဆင်းတစ်ဦးဖြစ်သည်။ ပြင်သစ် ခေတ်ဆန်း ရဲတိုက်ပုံစံများဖြင့် Sihl နှင့် Limmat မြစ်နှစ်ခုကြားရှိ အလယ်ကျွန်းတွင် တည်ရှိနေပြီး သာယာလှပသည့်အတွက် ဇူးရစ်မြို့ဟောင်း၏ အဓိကလည်ပတ်စရာနေရာတစ်ခုဖြစ်သည်။

သမိုင်းမတင်မီ ရှေးပဝေသဏီ လူသားအစကာလမှသည် အလယ်ခေတ်နှင့် ၂၀ ရာစုအထိကိုလည်းကောင်း၊ ခေတ်သစ်အနုပညာလက်ရာများကိုလည်းကောင်း ခင်းကျင်းပြသထားသည်။ ဂျာမန်နှင့်ပြင်သစ်ဘာသာများဖြင့် ယဉ်ကျေးမှုမဂ္ဂဇင်းကိုထုတ်ဝေသည်။ အခါအားလျော်စွာ ပြုလုပ်သည့် ပြပွဲအစီအစဉ်များရှိပြီး ပန်းချီနှင့်ရုပ်ရှင်ပြပွဲများလည်းပြုလုပ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းပြသသည့် Guided Tour များကို အပတ်စဉ်ပြုလုပ်လေ့ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ပုဂံနှင့် ပျူယဉ်ကျေးမှုပြပွဲကျင်းပမည့် Rietberg Museum သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းပြတိုက်သည် ဇူးရစ်မြို့၌ပင်တည်ရှိသည့် ဥရောပတိုက်ပြင်ပမှ အနုပညာလက်ရာများကို ခင်းကျင်းပြသသည့် ပြတိုက်တစ်ခုဖြစ်ပြီး ဇူးရစ်မြို့၏ တတိယအကြီးဆုံးပြတိုက်ဖြစ်ကာ နှစ်စဉ်လေ့လာသူပေါင်း ၁၅၀၀၀၀ ကျော်ရှိသည်။ ၁၉၄၀ ခုနှစ်များမှ စတင်တည်ထောင်ခဲ့ပြီး Monograph စာအုပ်များနှင့် အာရှရှေးဟောင်းသုတေသနပညာ တစ်နှစ်နှစ်ကြိမ်ထုတ် ပညာရပ်ဆိုင်ရာ ဂျာနယ်ထုတ်ဝေမှုကိုလည်းပြုလုပ်သည်။

ဇူးရစ်မြို့အုပ်ချုပ်ရေးမှူးရုံးမှ စီမံခန့်ခွဲပြီး ခင်းကျင်းပြသထားသည့် အနုပညာလက်ရာများသည် စုဆောင်းရရှိသည့် ပစ္စည်းများအပြင် လှူဒါန်းမှုများမှ လက်ခံရရှိသည်များလည်း အများအပြားရှိသည့်အတွက် ဥရောပဒေသပြင်ပလက်ရာများကို စုံလင်စွာလေ့လာနိုင်သည့် ဥရောပတိုက်အတွင်းရှိ တစ်ခုတည်းသော ပြတိုက်ဖြစ်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ပုဂံနှင့် ပျူယဉ်ကျေးမှုပြပွဲကျင်းပမည့် Rietberg Museum အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ဇူးရစ်မြို့ရှိ ယဉ်ကျေးမှုသမိုင်းပြတိုက်အတွင်း ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ပုဂံနှင့် ပျူယဉ်ကျေးမှုပြပွဲကျင်းပမည့် Rietberg Museum အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျိနီဗာမြို့ရှိ မြန်မာသံရုံးမိသားစုဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ဇူးရစ်မြို့ရှိ ယဉ်ကျေးမှုသမိုင်းပြတိုက်တွင် အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး ကတ်ပြားများစနစ်တကျ ကိုင်တွယ်ထိန်းသိမ်း

**ရန်ကုန် စက်တင်ဘာ ၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်ရှိ ဆောက်လုပ်ရေးသင်တန်းကျောင်းခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ရွာမရပ်ကွက်အတွင်းရှိ ပြည်သူများအား မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းထုတ်ပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းမိုးပွင့်စီမံချက်များဖြင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ထုတ်ပေးနေမှု၊ ယခုအခါ စေတနာရှင်အလှူရှင်များ၏ စေတနာအလျောက် လှူဒါန်းမှုများကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း၏ကုန်ကျစရိတ်များကို အခမဲ့ဆောင်ရွက်ပေးနိုင်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၏အသုံးဝင်ပုံနှင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရေးအခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။**(ယာပုံ)**



ယင်းနောက် တက်ရောက်လာကြသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်ငန်းဆောင်ရွက်မှုအပေါ် မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ယခုကဲ့သို့ ရပ်ကွက်/ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်ပေးခြင်းအတွက် ဌာနဝန်ထမ်းများနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များအားကျေးဇူးတင်ရှိပါကြောင်း ပြောကြားကြသည်။

ထို့နောက် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့ဝင်များက သက်ဆိုင်ရာပြည်သူတစ်ဦးချင်းထံ ပေးအပ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာ လွှတ်တော်ကိုယ်စားလှယ် ဦးစောဆန်နီချန်းက ကရင်တိုင်းရင်းသားများ နေထိုင်ကြသည့် အင်းစိန်မြို့နယ်အတွင်း ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးမှုအပေါ် ကရင်တိုင်းရင်းသားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ကုန်ကျစရိတ်များကို စေတနာအလျောက်လှူဒါန်းကြသည့် အလှူရှင်များနှင့် ရုံးပိတ်ရက်မှာပင် လာရောက်ဆောင်ရွက်ပေးကြသည့် ဝန်ထမ်းများ၊ ကူညီဆောင်ရွက်ပေးကြသူများကို ကျေးဇူးအထူးတင်ပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် အထောက်အကူပြုအဖွဲ့ဝင်များက ဒေသခံပြည်သူများအား One Stop Service ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဖြေလျှော့သောစနစ်ဖြင့် မိုးပွင့်အဆင့်(၁)မှ (၆)အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၆ သိန်းကျော် ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် အင်းစိန်မြို့နယ်အနေဖြင့် မိုးပွင့်အဆင့်(၆) စတင်သည့် ဇူလိုင် ၁၇ ရက်မှ ယခုအထိ စာသင်ကျောင်းများအပါအဝင် ရပ်ကွက်/ကျေးရွာများသို့ ၁၂ ကြိမ် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၂၂၀၀ ကျော်ထုတ်ပေးနိုင်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုအထိမ်းအမှတ်ဂုဏ်ပြုလုပ်အားပေး



**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်သူ့ဆေးရုံ ခုတင်(၅၀)၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညီညီဝင်း ခေါင်းဆောင်သော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအပါအဝင် အင်အား ၇၂ ဦးဖြင့် ယနေ့နံနက်ပိုင်းက ခုတင်(၅၀) ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်၊ မြက်ပင်များကို ခုတ်ထွင်ရှင်းလင်းကာ ဆေးရုံပရဝဏ်အတွင်း သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။**(ဓါတ်ပုံ)**

**သန်းနိုင်(ဇမ္ဗူသီရိ)**

# မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှု ၁၉၆၄-၂၀၁၄ ရွှေရတုသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှု ၁၉၆၄-၂၀၁၄ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပရာ အစီအစဉ်အရ ရှေးဦးစွာ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့(ယာယီ)ဥက္ကဋ္ဌ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တွဲဖက်ပါမောက္ခ(ငြိမ်း)ဦးမျိုးသန့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန ဥက္ကဋ္ဌ ဆရာကြီးဦးသန်းဦးက အဖွင့်သြဝါဒစကား ပြောကြားသည်။

ထို့နောက် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က 'အ' သုံးလုံးရွှေရတု မော်ကွန်းစာတမ်းကို ဖတ်ကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် 'အ'သုံးလုံးကျောင်းသားဟောင်းတစ်ဦးနှင့် 'အ'သုံးလုံး လုပ်အားပေးမျိုးဆက်သစ်အဖွဲ့ဝင်တစ်ဦးတို့က အမှတ်တရစကားများ ပြောကြားကြသည်။ ထို့နောက် အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ပြီး အသင်းအတွင်းရေးမှူး ဦးအောင်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

**(သတင်းစဉ်)**









# မွေးရပ်မြေမှ ‘အ’ သုံးလုံးသင်တန်း အလွမ်းပြေ

**အောင်ကျော်ညို (ဆင်ချဆိပ်)**

ကြာခဲ့ပါပြီ။ မှတ်မှတ်ရရ ၁၉၈၁ ခုနှစ် နွေရာသီ။ မွေးရပ်မြေမြောက်ဦးမြို့မှ လှေနှင့်နှစ်နာရီခရီးအကွာ အနောက်မြောက်ယွန်းယွန်း၊ သရီချောင်းကမ်းနံဘေးက သင်းပန်းကိုင်းရွာမှာ တာဝန်ထမ်းဆောင်နေစဉ်ကာလ။ သရီချောင်းသည် တစ်ချိန်က သီရိမာနဒီအမည်ဖြင့် ထင်ရှားခဲ့ပြီး ဓညဝတီမြို့တော်ဟောင်းမှာတည်ရှိသော မဟာမြတ်မုနိရှင်တော်မြတ်အနီးမှ ဖြတ်စီးကာ ကုလားတန်မြစ်တွင်း စီးဆင်းသွားသောမြစ်တစ်စင်း။

၁၉၈၁ ခုနှစ်သည် မိမိဘဝမှာ အမှတ်တရနှစ်တစ်နှစ်ဖြစ်နေခဲ့သည်။ မြောက်ဦးမြို့နယ် စာတတ်မြောက်ရေးလှုပ်ရှားမှုပြုခဲ့သောနှစ် ဖြစ်နေ၍ ဖြစ်ပါသည်။ တာဝန်ကျရာသင်းပန်းကိုင်းရွာမှာ အခြေချနေထိုင်သူ မိမိအား မြို့နယ်မှ ကျေးရွာအုပ်စုတစ်စု စာတတ်မြောက်မှုတွင် တာဝန်ယူစေခဲ့၍ ဖြစ်ပါသည်။ မိမိနေထိုင်ရာ ကျေးရွာသည် သရီချောင်းအနောက်ဘက်ကမ်း၊ မျက်နှာချင်းဆိုင်အရှေ့ဘက်ကမ်းက ကုလချောင်းရွာ၊ ငစွယ်ကန်ရွာ၊ ပြလှရွာ၊ ရွာသုံးရွာပေါင်း ကုလချောင်းကျေးရွာအုပ်စုကို တာဝန်ယူခဲ့ရသည်။

မြို့ပေါ်မှ တာဝန်ပေးစေလွှတ်လိုက်သော လမ်းစဉ်လူငယ်လေးများ၊ လုပ်အားပေးကျောင်းသားလေးများအား စနစ်တကျရှိစေရေး၊ စားရေး၊ နေရေးကအစ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းတိုင်ပင်အဆင်ပြေအောင် ဆောင်ရွက်ရင်း စာသင်ဝိုင်းများ ဖွဲ့စည်းထားရှိမှုများကအစ တာဝန်ရှိရွာလူကြီးများနှင့် ပူးပေါင်းကာ စီစဉ်ဆောင်ရွက်ခဲ့ရသည်။

ရွာသုံးရွာ တစ်ရွာနှင့်တစ်ရွာ တစ်ဆက်တစ်စပ်တည်းဖောက်လုပ်ထားသော မြေသားလမ်း။ နွေရာသီမို့ ခြောခြောက်သည်။ တစ်ရွာနှင့်တစ်ရွာ အိမ်ဦးနှင့် ကြမ်းပြင်လို တိုးလျှိုပေါက်ခရီးပေါက်သည်။ ဒေသခံများအားလုံးမှာ လယ်ယာလုပ်ငန်းတစ်ခုတည်းနှင့် အသက်မွေးနေကြသူများ။ စပါးစိုက်ပျိုးရာတွင်လည်း တစ်သီးစားစနစ်မို့ တလင်းသိမ်းပြီဆိုသည်နှင့် တစ်နွေလုံးအလုပ်အကိုင် မည်မည်ရရမရှိ။ တတ်နိုင်သူများအလှူအတန်းပြုကြ၊ တစ်ရွာနှင့်တစ်ရွာ ဆွေမျိုးများဆီသွားလည်ကြ၊ ပွဲလမ်းသဘင်များနှင့် နားနားနေနေရှိနေကြချိန်။ စာမတတ်သူပပျောက်ရေး ‘အ’သုံးလုံးပညာရေးကို စလိုက်ခြင်းသည် ဒေသအတွက်အချိန်ကိုက်ဖြစ်သွားသည်။

မိမိတို့အား “ဆရာလေး”ဟု ခေါ်ဝေါ်ရင်း လှိုက်လှဲဝမ်းသာ ရွာတိုင်းက နွေးထွေးစွာ ကြိုကြသည်။ ‘အ’သုံးလုံးသင်တန်းသားများထက် သင်တန်းသူက ပိုများသည်။ ယောကျ်ားတွေအားလုံးနီးပါး စာတတ်ကြသည်။ ဘုန်းတော်ကြီးသင်ပညာရေး၏ အကျိုးကျေးဇူး။ တောရွာတိုင်းမှာ စာသင်ကျောင်းမရှိလည်း ဘုန်းတော်ကြီးကျောင်းက တစ်ရွာတစ်ကျောင်းရှိနေသည်။ ရွာမှ ယောကျ်ားလေးတိုင်း ဘုန်းကြီးကျောင်းမှာ သဒ္ဒါ၊ သင်္ဂြိုဟ်သင်တတ်မြောက်နေကြသည်။ ထိုအချိန် မိန်းကလေးများက ရွာထဲမှာ မိရိုးဖလာ ရက်ကန်းခတ်ပညာတတ်မြောက်နေတတ်ကြသည်။ စာမတတ်လည်း အရေးမဟုတ်။ “ရက်ကန်းခတ်တတ်၊ ထမင်းမငတ်”ဆိုကြသည်။ တစ်ချိန်က ကျေးလက်ပညာရေး။

ယခု ‘အ’ သုံးလုံးပညာရေး စလိုက်ချိန် စာသင်ခန်းမှာ အဘွားအရွယ်၊ အမေအရွယ်များနှင့်သင်ကြားသူက မြေးလေးအရွယ်၊ “ဆရာလေး၊ ဆရာလေး” နှင့် နှုတ်က မချ။ ဆရာဟု မခေါ်ဖို့ မြေးသားတွေလိုသဘောထားပါဆိုလည်း မရ။ “ငါတို့ကို စာတတ်အောင်သင်တော့ ငါတို့ဆရာပေါ့” မင်္ဂလာမြောက်သော မိမိကိုယ်ကို နှိမ့်ချနိဝတနှင့် ကျိုးကျိုးနွံ့နွံ့ရှိနေကြသည်။

မှတ်မှတ်ရရ ထိုအချိန်က အဆိုတော် မေဆွိ၏ မယ်သီတာနှင့် ဒဿဂီရိအကြောင်း ဖွဲ့သီထားသော သီချင်းက ခေတ်စားနေသည်။ “မယ်သီတာကို ရွှေသမင်ဖမ်းလို့ပေးဖို့ ချစ်သူရာမမင်းကိုစေ . . အချစ်ကြီးသူ မင်းဒဿရဲ့ မေတ္တာကြောကွင်းတွင် . .” မှတ်မိသမျှပါ။ မိမိကသီချင်းဆိုဝါသနာပါသူ။ တွံတေးသိန်းတန် သီချင်းများနှင့် လူလားမြောက် ကြီးပြင်းလာခဲ့သူ။ စာသင်ဝိုင်းတွေကို လှည့်လည်ရင်း ဝိုင်းတစ်ဝိုင်းမှာ အပျော်သဘောဖြင့် မယ်သီတာသီချင်းကို ဆိုပြလိုက်သည်နှင့် နောက်ရောက်သည့်ဝိုင်းတိုင်းက ပွဲတောင်းကြသည်။ မိမိက စဆိုပြီဆိုသည်နှင့် အဘွားကြီးများက လက်ခုပ်တီးကာ စည်းလိုက်ပေးရင်း ‘အ’ သုံးလုံးစာသင်ဝိုင်းလေး မြိုင်မြိုင်ဆိုင်ဆိုင်နှင့် အရေးကြီးဆုံး သင်ပြသူ၊ သင်ယူသူကြားမှာ အတားအဆီးမရှိ၊ ရင်းနှီးကျွမ်းဝင်မိသားစုပမာ နွေးနွေးထွေးထွေးရှိနေဖို့ပင် မဟုတ်ပါလော။

သင်တန်းနားရက် တစ်ရက်ကိုလည်း မမေ့နိုင်သေးပါ။ ‘အ’သုံးလုံးလုပ်အားပေးဆရာများနှင့် သင်တန်းမှ အဘွားများ ဘုရားဖူးခရီးသွားခဲ့ကြခြင်းဖြစ်ပါသည်။ ကုလချောင်းမှ နှစ်မိုင်သာသာဝေးသော “ရှင်ကျော်” ဘုရားသို့ သွားဖူးကြခြင်းပါ။ နံနက်စောစော တပျော်တပါးနှင့် လယ်ကွင်းလယ်ကန်သင်းတွေပေါ်လျှောက်ရင်း ရှင်ကျော်ဘုရားနှင့် မျက်နှာချင်းဆိုင်မှာရှိနေသည့် တင်းထိန်ကန်ရွာ။ ထိုရွာမှ ကူးတို့လှေနှင့်ကူးမှ ရှင်ကျော်ဘုရားသို့ ရောက်သည်။ သရီချောင်းကမ်းနဖူးက ဘုရားကုန်းတော်မှာ ရှင်ကျော်ဘုရားသပ္ပာယ်တင့်တယ်စွာသီတင်းသုံးနေသည်။ ဘုရားပရိဝုဏ်အနားမှ ရှင်ကျော်ရွာကလေးမှာ အိမ်ခြေ ၅၀ မပြည့်။ ဆင်းရဲကြသည်။ ဘုရားရိပ်အောက် ရောက်နေ၍ဟု ဆိုကြသည်။ ဒေသ၏ အယူအစွဲ။

မိမိဘဝတွင် တစ်သက်မှာတစ်ခါ အမှတ်တရနှင့် မမေ့မရနိုင်ခဲ့သည့် ထိုနေ့ရက်များ။ ရယ်ရယ်မောမော ပျော်ပျော်ပါးပါးနှင့် နွေသင်တန်းကာလကို ဖြတ်သန်းရင်း ‘အ’သုံးလုံးသင်တန်းအမှတ်တရ နေ့ရက်များ။ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပါပြီ။ တောဇနပုဒ်အရပ်မှာ မထင်မရှား။ လှုပ်ရှားတာဝန်ကျခဲ့သည့် သင်တန်းကာလထိုရက်များသည် နှလုံးသားမှာ အထင်အရှား စွဲမှတ် မှတ်တမ်းဝင် လျက်ရှိနေဆဲ။

၁၉၆၀ မှ စွန်းထွက်လာသော လေးနှစ်မြောက်တွင် သင်တန်းသားလေးယောက်နှင့် အစပြုသန္ဓေတည်လာခဲ့သော ဤသင်တန်း။ ဦးသံဗျင်ဟူသည့် ပညာရေးဝန်ကြီးဌာန အထူးအရာရှိ၊ ပညာရှင်တစ်ဦး၏ အမြော်အမြင်ကြီးမှုအောက်မှာ မိမိတို့နိုင်ငံတစ်ဝန်း အမှောင်ခွင်း၍ အလင်းဆောင်ခွင့်ရလာခဲ့သည်။ ယခုနှစ်ပေါင်း ၅၀ တိုင်ခဲ့ပြီ။ ကမ္ဘာကလည်း မနေသာ။ “မိုဟာမက် ရီဇာပါလာဗီ”ဆုနှင့် ယူနက်စကိုက အသိအမှတ်ပြုလာခဲ့ရသည်။

မိမိတို့နိုင်ငံတစ်နိုင်ငံလုံး သွေးစည်းညီညွတ်ရှိမှုကို ဤစာမတတ်သူပပျောက်ရေး ‘အ’ သုံးလုံးလှုပ်ရှားမှုမှာ မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရခဲ့ပါသည်။ တစ်နိုင်ငံလုံးတောကြိုတောင်ကြား တောင်ပေါ်မြေပြန့်အနှံ့မှာ စာအံသံများ ညံခဲ့သည်။ နေရာအနှံ့မှာ ‘အ’ သုံးလုံးသင်တန်းသားများအား ကန့်ကွက်တားဆီးသူမရှိ။ ဆန့်ကျင်သူမရှိ။ လှိုက်လှဲပျူငှာဆီးကြိုလက်ကမ်းလျက် ဝမ်းပန်းတသာနှင့်ပြည်ထောင်စုသားများက ပြည်ထောင်စုကြီး သွေးစည်းညီညာ ဖြစ်တည်မှုကို ဤ ‘အ’ သုံးလုံးသင်တန်းကြီးက စွမ်းဆောင်မှုပေးနိုင်ခဲ့ပါသည်။

ယခုနှစ်ပေါင်း ၅၀ ရွှေရတုတိုင်ခဲ့ပြီ။ မိမိတို့နိုင်ငံအတွက် နောင်နှစ်ပေါင်း ၅၀၀ တိုင် မမေ့နိုင်ဖြစ်နေဦးမည်။ မင်္ဂလာအဖြစ်သည် ကမ္ပည်းမှတ်ကျောက် ခိုင်မြဲတည်ရှိနေပါဦးမည်။ ။




## နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သမဝါယမလုပ်ငန်းများစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နေပြည်တော်သမဝါယမဦးစီးဌာနနှင့် သီရိငါးမြို့နယ်ရှိ အသစ်ဆောက်လုပ်ပြီးစီးသွားသည့် သမဝါယမဦးစီးဌာနရုံး အဆောက်အအုံများအား သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့် RC လေးခန်းတွဲ သုံးထပ်(ဝန်ထမ်းအိမ်ရာ) မြေနေရာအတွက် လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ နေပြည်တော် သမဝါယမဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်နှင့် သီရိငါးမြို့နယ်များမှ သမဝါယမဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ၍ သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်(၂)ရပ်၊ လုပ်ငန်းစဉ်(၅)ရပ်၊ ၂၀၁၄ ခုနှစ်တွင် Action Plan (၇)ရပ်များကို ရှင်းလင်းချပြခဲ့ကြောင်းနှင့် ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိများနှင့် ဝန်ထမ်းများ၊ ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များ စုစုပေါင်း ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၅၈၆)**

## ကွတ်ခိုင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

**ကွတ်ခိုင် စက်တင်ဘာ ၇**

ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာကျေးရွာအုပ်စု နမ့်ဖက်ကာကျေးရွာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခဲ့ရာ နမ့်ဖက်ကာကျေးရွာအုပ်စုမှ ၁၁၆ ဦး၊ ပိန်းပွန်ကျေးရွာအုပ်စုမှ ၃၂ ဦး နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်သူ စုစုပေါင်း ၁၄၈ ဦးအား ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုက ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း**

၁။ ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီဇိုင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအား သီးသန့်ဖြစ်စေ၊ ဖက်စပ်လုပ်ငန်းများအဖြစ် ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ၊ အပြည်ပြည်ဆိုင်ရာကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာများ ပေးပို့တင်ပြနိုင်ကြောင်း မြန်မာ့မီးရထားက ၂၀၁၄ ခုနှစ် ဧပြီလ ၂၆ ရက်တွင် ဖိတ်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက်တွင် မြန်မာနိုင်ငံအပါအဝင် မလေးရှား၊ အီတလီ၊ ကိုရီးယား၊ ကာတာ၊ ပြင်သစ်၊ ထိုင်ဝမ်၊ ဂျပန်၊ တရုတ်၊ စင်ကာပူ၊ ကနေဒါနှင့် ဗီယက်နမ် စုစုပေါင်း နိုင်ငံ(၁၂) နိုင်ငံတို့မှ အဆိုပြုလွှာ (၃၄)စောင် ပေးပို့ခဲ့ကြပါသည်။

၃။ မြန်မာ့မီးရထားအနေဖြင့် အဆိုပြုလွှာများအား လေ့လာဆန်းစစ်ခြင်း၊ အကဲဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် အဆိုပြုလွှာတွင် ဖော်ပြထားချက်များအရ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်းရှိမည့် ကုမ္ပဏီများအား ဆန်ခါတင် ရွေးချယ်နိုင်ခဲ့ပါသည်။

၄။ ဆက်လက်၍ တင်ဒါယှဉ်ပြိုင်ခွင့်ရရှိသည့် ကုမ္ပဏီများထံ RFP (Request for Proposal) စာရွက်စာတမ်းများအား ကြိုတင်ပြင်ဆင်နိုင်ရေးနှင့် အချိန်မီတင်သွင်းနိုင်ရေးတို့အတွက် ၂၀၁၄ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် အသိပေးအကြောင်းကြားခဲ့ပါသည်။

၅။ RFP စာရွက်စာတမ်းများအား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်ထက် နောက်မကျစေဘဲ ဒုတိယအထွေထွေမန်နေဂျာ (ထောက်ပံ့ဌာန)၊ မြန်မာ့မီးရထား၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ (ဖုန်း+၉၅ ၁ ၂၉၁၉၈၅၊ ၂၉၁၉၉၄၊ ၂၉၄၃၅၂)တွင် ထုတ်ယူနိုင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

၆။ အထက်ပါ RFP စာရွက်စာတမ်းများ(CD Romအပါအဝင်)အတွက် အမေရိကန်ဒေါ်လာ သုံးသောင်း(၃၀၀၀၀-တိတိ)အား (ပြန်လည်ထုတ်ပေးခြင်းမပြုသည့်ငွေအဖြစ်)အောက်ပါအတိုင်း ဖော်ပြပေးသွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ပေးသွင်းရမည့်အမည် | - | မြန်မာ့မီးရထား |
| ပေးသွင်းရမည့်ဘဏ် | - | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် |
| Swift Code | - | MFTB MMMY |
| အကြောင်းအရာ | - | ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုလွှာစာရွက်စာတမ်းကြေး ပေးသွင်းခြင်း။ |

၇။ ပြည့်စုံသည့် RFP စာရွက်စာတမ်းများအား ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၆ ရက်ထက် နောက်မကျစေဘဲ ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့ဌာန)၊ မြန်မာ့မီးရထား၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ (ဖုန်း+၉၅ ၁ ၂၉၁၉၈၅၊ ၂၉၁၉၉၄၊ ၂၉၄၃၅၂)သို့ လူကိုယ်တိုင် လာရောက်ပေးပို့ တင်သွင်းရန်ဖြစ်ပါသည်။

၈။ အကြောင်းအရာ အပြည့်အစုံအား သိရှိလိုပါက
website:http://www.yangonrailwaystation.com.mm,
email:yrsdev@yangonrailwaystation.com.mm နှင့် ဖုန်းအမှတ် +၉၅ ၁ ၃၉၂၄၂၄ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့မီးရထား
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

# ကမ္ဘာတွင် စက္ကန့် ၄၀ တိုင်း၌ လူတစ်ဦးကိုယ့်ကိုယ်ကိုသတ်သေလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီရင်ခံ

**ဂျီနီဗာ စက်တင်ဘာ ၇**

ကမ္ဘာပေါ်တွင် စက္ကန့် ၄၀ အချိန်တိုင်း အချိန်တိုင်း၌ လူသားတစ်ဦးသည် သူ့ကိုယ်သူ သတ်သေလျက်ရှိကြောင်း၊ စစ်ဘေးစစ်ဒဏ်ကြောင့်လည်းကောင်း၊ သဘာဝကပ်ဘေးကြောင့်လည်းကောင်း သေဆုံးရသူများထက် ပိုမိုများပြားကြောင်း၊ ယင်းသို့ သတ်သေသူများတွင် အသက်အရွယ်ကြီးရင့်သူများသည် အများဆုံးဖြစ်ကြောင်း မကြာသေးမီက ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ၏ ကိုယ့်ကိုယ်ကိုသတ်သေကြောင်းနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် ထုတ်ပြန်သော ယင်းအစီရင်ခံစာတွင် ဤသို့သော ဖြစ်ရပ်များကို မီဒီယာများက အလေးအနက်ထား၍ သတင်းဖော်ပြခြင်းသည် ပြဿနာကို ပိုမိုကြီးထွားစေသကဲ့သို့ ဖြစ်နေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က အပြစ်တင်ထားသည်။

"ပြည်သူ့ကျန်းမာရေးပြဿနာတွေထဲမှာ ကိုယ့်ကိုယ်ကို သတ်သေခြင်းက အံ့အားသင့်စရာပါ။ စက္ကန့် ၄၀ တိုင်းမှာ လူတစ်ယောက် ကိုယ့်ကိုယ်ကို သတ်သေနေတယ်။ အရေအတွက်လည်း များပြားလှပါတယ်" ဟု ဒဗလျူအိပ်ချ်အို၏ စိတ်ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး ရှီခါဆာဇီနာက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ၌ တင်ပြသော အစီရင်ခံစာတွင် ရေးသားထားသည်။

"ပဋိပက္ခကြောင့်၊ စစ်ကြောင့်၊ သဘာဝဘေးကြောင့် သေရခဲ့သူတွေထက် မိမိကိုယ် မိမိသတ်သေတဲ့သူက ပိုများနေပါတယ်။ ကမ္ဘာပေါ်မှာ နှစ်စဉ်နှစ်စဉ် သာမန်သေဆုံးခြင်းမဟုတ်တဲ့ နည်းနဲ့ သေဆုံးသူဦးရေက ၁ဒသမ ၅ သန်းတောင်ရှိပါတယ်။ အဲဒီအထဲမှာ ကိုယ့်ကိုယ်ကို သတ်သေသူဟာ ၈၀၀၀၀၀ ရှိပါတယ်"ဟု ရေးသားထားသည်။

မိမိကိုယ်ကိုသတ်သေနှုန်းထားမှာ အာရှအရှေ့ဥရောပနှင့် ဥရောပအလယ်ပိုင်းတို့တွင် အမြင့်ဆုံးဖြစ်သည်ကို တွေ့ရပြီး ချမ်းသာကြွယ်ဝသောနိုင်ငံများ၌ ၂၅ ရာခိုင်နှုန်း တွေ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။



တောင်ကိုရီးယားနိုင်ငံ ဟန်မြစ်ပေါ်မှ မာပိုတံတားတွင် ကိုယ့်ကိုယ်ကိုသေကြောင်းကြံခြင်းအား တားဆီးရန် အရေးပေါ် ဖုန်းလိုင်းတပ်ဆင်ထားသည်ကို တွေ့ရစဉ်။

အမျိုးသားများနှင့် အမျိုးသမီးများ၏ နှုန်းထားနှိုင်းယှဉ်လျှင် အမျိုးသားများ ကိုယ့်ကိုယ်ကို သတ်သေနှုန်းသည် အမျိုးသမီးများထက် နှစ်ဆနီးပါးရှိသည်။ အများဆုံးအသုံးပြုသည့် နည်းလမ်းများသည် ကြိုးဆွဲချခြင်း၊ သေနတ်ဖြင့် ပစ်ခြင်းတို့နှင့်အထူးသဖြင့် ကျေးလက်ဒေသများတွင် ပိုးသတ်ဆေးများ အသုံးပြုခြင်းတို့ဖြစ်သည်ဟု ဆိုသည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြည့်ရင် အသက် ၇၀နဲ့ အထက်လူကြီးတွေက ကိုယ့်ကိုယ်ကိုသတ်သေနှုန်း အမြင့်ဆုံးဖြစ်ပါတယ်။ ဒါပေမယ့် တချို့နိုင်ငံတွေမှာ လူငယ်လူရွယ်တွေ သတ်သေနှုန်းက အမြင့်ဆုံးဖြစ်ပါတယ်။ ဒါပေမယ့်ကမ္ဘာတစ်ဝန်းလုံးမှာ အသက် ၁၅နှစ်နဲ့ ၂၉ နှစ်အကြား လူငယ်တွေ သေဆုံးရတာဟာ ကိုယ့်ကိုယ်ကို သတ်သေတာက ဒုတိယအဆင့်သာဖြစ်ပါတယ်"ဟု ဒဗလျူအိပ်ချ်အိုက ပြောသည်။

ဤအစီရင်ခံစာကို ပြုစုသူများတွင် တစ်ဦးအပါအဝင်ဖြစ်သူ အလက်ဇန္ဒြားဖလစ်ချ်မန်းက ဟောလီးဝုဒ် အကျော်အမော် ရုပ်ရှင်သရုပ်ဆောင် ရော်ဘင်ဝီလီယံကဲ့သို့သော နာမည်ကြီးများ ကိုယ့်ကိုယ်ကိုသတ်သေခြင်းကို မီဒီယာများက အုတ်အော်သောင်းနင်း ဖော်ပြခြင်းမှာ အပြစ်တင်ရမည့် အကြောင်းတစ်ရပ်ဖြစ်သည်ဟု ပြောသည်။

နိုင်ငံပေါင်း ၁၇၂ နိုင်ငံတွင် ဆယ်စုနှစ် တစ်စုကြာမျှ လေ့လာပြီးနောက် ဤအစီရင်ခံစာပြုစုခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြည်သူ့စိတ်ကျန်းမာရေးပြဿနာတွင် အဓိကဖြစ်နေသည့် ကိုယ့်ကိုယ်ကိုသတ်သေခြင်း ပပျောက်သွားရေးအတွက် ဖြေရှင်းပေးကြရန် တောင်းဆိုထားသည်။

**အေအက်ဖ်ပီ။**

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပွား ၄၄ဦးသေဆုံး၊ ၁၈ဦး ပျောက်ဆုံးလျက်ရှိ

**ပေကျင်း စက်တင်ဘာ ၇**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် ရက်သတ္တတစ်ပတ်ကြာမျှ မိုးရွာသွန်းကာ ရေလွှမ်းမိုးမှု ဖြစ်ပွားပြီးနောက် သေဆုံးသူပေါင်း ၄၄ ဦးရှိလာပြီး ၁၈ဦးခန့် ပျောက်ဆုံးလျက်ရှိကြောင်း၊ လူနေအိမ်များနှင့် ကောက်ပဲသီးနှံများ အကြီးအကျယ်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ကြောင်း တရုတ်နိုင်ငံ မြို့ပြရေးရာ ဝန်ကြီးဌာနက စက်တင်ဘာ ၇ရက်တွင် ပြောကြားသည်။

တီချွမ်နှင့် ကွီကျိုးပြည်နယ်တွင် ဩဂုတ် ၃၁ ရက်မှစ၍ ရက်သတ္တတစ်ပတ်ကြာ မိုးအဆက်မပြတ် ပြင်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ ထို့ပြင် မြို့ကြီးတစ်မြို့ဖြစ်သော ချောင်ကျင့်တွင်လည်း အလားတူဖြစ်ရပ်ဖြစ်ပွားကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အကြီးအကျယ် ပြိုလဲခြင်း သို့မဟုတ် ပျက်စီးသွားသော နေအိမ်ပေါင်း ၄၂၀၀၀ မှ ပြည်သူ၁၂၇၀၀ကို ယာယီခိုလှုံရန် နေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၅၃၄ သန်း(၃ဒသမ၃ ဘီလီယံယွမ်)ဖြစ်သည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းသည် တောင်ထူထပ်သော မြေအနေအထားဖြစ်သဖြင့် မိုးသည်းထန်စွာ ရွာသွန်းပါက တောင်စောင်းများ၌ မြေပြိုမှုများ ဖြစ်ပွားလေ့ရှိသည်။

**ဆင်ဟွာ။**


တရုတ်လူငယ်တစ်ဦး ဝက်တစ်ကောင်ကို ဖောင်တစ်စင်းဖြင့် ကယ်တင်လာသည်ကို တွေ့ရစဉ်။

# ပါကစ္စတန်တွင် လျှင်လှုပ် ၁၂ဦးဒဏ်ရာရရှိ

**ကရာချိ စက်တင်ဘာ ၇**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင် စက်တင်ဘာ ၇ရက်က ပြင်းအား ၄ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ရာ ၁၂ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။ ဆင်းဒ်ပြည်နယ်ရှိ နာဝက်ဘ်ရှတ်ခရိုင်နှင့် ကပ်လျက်ရှိသော ဒေသများတွင် ငလျင်ဒဏ်ကို ခံစားကြရကြောင်း၊ ငလျင်လှုပ်စဉ် လူအများကြောက်လန့်တကြားဖြစ်ကာ နေအိမ်အပြင်ဘက် လမ်းများပေါ်သို့ ပြေးထွက်ကြကြောင်း သတင်းတွင် ဖော်ပြသည်။

လာဟိုး၊ နန်ကာနာနှင့် ရှိတ်ဟူပူရာဒေသများတွင် ငလျင်ဒဏ်ခံကြရသည်ဟု သတင်းတွင်ဖော်ပြသည်။ ဒဏ်ရာရရှိသွားသူ ၁၂ဦးခန့်ကို နီးစပ်ရာ ဆေးရုံသို့ တင်ပို့၍ ကုသပေးလျက်ရှိကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

**ဆင်ဟွာ။**

# ယူကရိန်းအရှေ့ပိုင်း၌ တိုက်ပွဲများ ပြန်လည်ဖြစ်ပွား

**ဗာရီယူပိုးလ် (ယူကရိန်း) စက်တင်ဘာ ၇**

**ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် တိုက်ပွဲများပြန်လည် ဖြစ်ပွားသဖြင့် တနင်္ဂနွေနေ့တွင် အမျိုးသမီးတစ်ဦးသေဆုံးပြီး အနည်းဆုံး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။**


တိုက်ပွဲဖြစ်ပွားခြင်းကြောင့် ကောင်းကင်တွင် မီးခိုးများ ဖုံးလွှမ်းနေစဉ်။

ယူကရိန်းအစိုးရနှင့် ခွဲထွက်ရေးသမားများအကြားရရှိထားသည့် နှစ်ရက်မျှပင်မကြာသေးသော အပစ်အခတ်ရပ်စဲရေးကို ထိခိုက်သည်ဟု ဆိုသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယူကရိန်းသမ္မတ ပီထရိုပိုရိုရှင်ကိုတို့သည် ဖုန်းဖြင့် ဆက်သွယ်၍ အပစ်အခတ်ရပ်စဲရေးကို လိုက်နာကြကြောင်း ပြောဆိုပြီး နာရီပိုင်းမျှအကြာ စနေနေ့ညနေှာင်းပိုင်းတွင် အေဇော့ပင်လယ်ကမ်းခြေရှိ မာရီယူပိုးလ်မြို့ ဆိပ်ကမ်းအနီးတွင် ပစ်ခတ်မှုများ စတင်ခဲ့ခြင်းဖြစ်သည်။

အရှေ့ပိုင်းဒေသ၏ အဓိကစက်မှုမြို့ဖြစ်သည့် ခွဲထွက်ရေးသမားများ ထိန်းချုပ်ထားသော ဒွန်းတက်မြို့မြောက်ပိုင်း အစွန်အဖျား၌လည်း တနင်္ဂနွေနေ့ နံနက်စောစောတွင် တိုက်ပွဲများပြန်လည်ဖြစ်ခဲ့သည်။

အစိုးရတပ်များ လက်ဝယ်ရှိ လေဆိပ်အနီး၌ ကောင်းကင်တွင် မီးခိုးလုံးများဖြင့် ပြည့်နေကြောင်း ရိုက်တာ သတင်းထောက်က ပြောသည်။

တနင်္ဂနွေနေ့ညနေပိုင်းတွင် အဆိုပါမြို့နှစ်မြို့လုံး၌ ပြန်လည်ငြိမ်သက်သွားသည်ဟုဆိုသည်။ နှစ်ဖက်လုံးက အပစ်အခတ်ရပ်စဲရေးကို အတိအကျ လိုက်နာကြောင်း ပြောကြားပြီး တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခြင်းအတွက် တစ်ဖက်ကို တစ်ဖက် အပြစ်တင်ကြသည်။

**ရိုက်တာ။**

# အယ်လ်ရှာဘတ် သူပုန်အဖွဲ့ခေါင်းဆောင်သစ် တင်မြှောက်ကြောင်း ကြေညာချက်ထုတ်ပြန်

**မိုဂါဒစ်ရှူး စက်တင်ဘာ ၇**

ဆိုမာလီယာနိုင်ငံမှ စစ်သွေးကြွအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အယ်လ်ရှာဘတ်အဖွဲ့က ခေါင်းဆောင်သစ် တစ်ဦးအား ရွေးကောက်တင်မြှောက်ကြောင်းနှင့် ၎င်းသည် အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့သည့် အဆိုပါအဖွဲ့၏ ခေါင်းဆောင် အာမက်အက်ဒီဂိုဒေး၏နေရာအား အစားထိုးဆက်ခံမည့် ခေါင်းဆောင်ဖြစ်သည်ဟု ဆိုသည်။

ယင်းကြေညာချက်အား အယ်လ်ရှာဘတ်အဖွဲ့၏ အွန်လိုင်းတွင် ဖော်ပြခဲ့ပြီး ယင်းအဖွဲ့၏ ခေါင်းဆောင်ဟောင်း သေဆုံးမှုအတွက် လက်စားချေတိုက်ခိုက်မှုများ ပြုလုပ်မည်ဟု အဓိဋ္ဌာန်ပြုခဲ့သည်။

ဆိုမာလီယာနိုင်ငံအတွင်း၌ အယ်လ်ရှာဘတ်သူပုန်များအား ချေမှုန်းသုတ်သင်မှုများနှင့် ပတ်သက်၍လက်စားချေတိုက်ခိုက်မှုများ ဖြစ်ပေါ်လာဖွယ်ရှိကြောင်း ဆိုမာလီယာနိုင်ငံမှ အာဏာပိုင်အဖွဲ့အစည်းများက ယခုရက်သတ္တပတ် အစောပိုင်းကပင် သတိပေးကြေညာမှုများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသတိပေးထုတ်ပြန်ချက်များသည် မောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် အယ်လ်ရှာဘတ်သူပုန်အဖွဲ့ ခေါင်းဆောင် သေဆုံးခဲ့သည်ဟူသော အမေရိကန် စစ်ဌာနချုပ်က အတည်ပြုထုတ်ပြန်ချက်များ ထွက်ပေါ်လာအပြီး ထွက်ပေါ်လာခြင်းဖြစ်သည်။

**ဘီဘီစီ။**

# ရီးယဲလ်မက်ဒရစ်မှာ ဘိုင်ယန်ထက်ကောင်းသော အသင်းဖြစ်ကြောင်း တိုနီခရုစ်ပြောကြား



လက်ရှိ ချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလား ဆွတ်ခူးထားနိုင်ခဲ့သည့် ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်း ထက်ကောင်းသော အသင်းဖြစ်ကြောင်း ကွင်းလယ်ကစားသမားတိုနီခရုစ်က ပြောကြားခဲ့သည်။ **(ဓာတ်ပုံ)**

ကွင်းလယ်ကစားသမား တိုနီခရုစ်သည် ၂၀၀၇ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးယူရိုသန်း ၃၀ နီးပါးဖြင့် ဘာနေဗျူးသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

တိုနီခရုစ်အနေဖြင့် ကမ္ဘာ့အင်အားကြီးကလပ်အသင်းနှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့နှင့်အတူ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း အဆိုပါကလပ်အသင်းနှစ်သင်းအား နှိုင်းယှဉ်ကာ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် စဉ်းစားခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်ကစားသမား အလွန်ဆိုသည် ယူရို ၁၀ သန်းဖြင့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းအား အထောက်အပံ့ပေးလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။ ထို့ကြောင့် အလွန်ဆိုသည် သာမန်ထက်ပိုသော စွမ်းဆောင်ရည်ရှိသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း တိုနီခရုစ်က ပြောကြားခဲ့သည်။

# ဂျပန်တင်းနစ်ကစားသမား နီရှိကိုရီ ပထမဆုံးအကြိမ် အမေရိကန်အိုးပင်းဖိုင်နယ်ပွဲတက်



ဂျပန်တင်းနစ်ကစားသမား နီရှိကိုရီ **(ယာပုံ)**သည် အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်အား အနိုင်ယူနိုင်ခဲ့ခြင်းကြောင့် အမေရိကန်အိုးပင်း နောက်ဆုံးဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ဂျပန်တင်းနစ်ကစားသမား နီရှိကိုရီသည် ဂျိုကိုဗစ်အား ၆-၄၊ ၁-၆၊ ၇-၆(၆-၃)ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အမေရိကန်တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းနောက်ဆုံးဗိုလ်လုပွဲအဖြစ် စက်တင်ဘာ ၈ ရက်တွင် တင်းနစ်အကျော်အမော်တစ်ဦးဖြစ်သည့် မာရင်စီလစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ မာရင်စီလစ်သည် တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒရားအား အနိုင်ရရှိကာ အမေရိကန်အိုးပင်းနောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ **ငွေကြည်**



# မြောင်းမြ ကျောင်းကောင်စီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကျင်းပ

**မြောင်းမြ စက်တင်ဘာ ၇**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြောင်းမြမြို့ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း(ကွယ်လွယ်ကျေးရွာ)၏ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီက အဆိုပါကျောင်း ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

နောက်ဆုံးဗိုလ်လုပွဲသို့ မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းသားများ၊ ကျောင်းသား ကျောင်းသူလေးများ တစ်ခဲနက်အားပေးကြပြီး နောက်ဆုံးဗိုလ်လုပွဲတွင် အနော်ရထာအသင်းနှင့် ဗန္ဓုလအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗန္ဓုလအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ နှစ်သိမ့်ဆုရအသင်းများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်များက လည်းကောင်း၊ ဒုတိယဆုရရှိသော အနော်ရထာအသင်းအား ခရိုင်အားကစားအရာရှိက ငွေသားဆုနှင့် ဆုတံဆိပ်များကို လည်းကောင်း၊ ပထမရရှိသော ဗန္ဓုလအသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က ငွေသားဆုနှင့် ဆုတံဆိပ်များကို လည်းကောင်း ပေးအပ်သည်။ ဆက်လက်၍ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းအကောင်းဆုံးနှင့် ဂိုးသမားဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ပြီး ပထမရရှိသော ဗန္ဓုလအသင်းမှ အသင်းအုပ်ချုပ်သူနှင့်အဖွဲ့အား ကျောင်းအုပ်ဆရာကြီး ဦးထွေးရီက တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အောင်မင်း(မြန်/ဆက်)**

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၉-၂၀၁၄ (တနင်္လာနေ့)
(၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊ ဥပုသ်နေ့)

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် "အိုအေစစ်လို အချစ်အကြောင်း" (ကျော်ဟိန်း၊ ခန့်စည်သူ၊ ထက်ထက်မိုးဦး၊ (ဒါရိုက်တာ-ညွန့်မြန်မာညီညီအောင်)
- ၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရုက္ခဗေဒအထူးပြုများ) (ရုက္ခဗေဒ)
- ၆း၂၀ မြန်မာ့ဝေလေ့ရိုးရာလက်ဖွဲ့
- ၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၉း၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ
- ၉း၃၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (ဒါရိုက်တာ-ကြည်စိုးထွန်း) -"မျိုးစေ့" (ဇာတ်သိမ်း) (မိုးယံဇွန်၊ နေရဲလင်း၊ စူးရှလင်းဇာနည်ဇော်၊ မျိုးစန္ဒီကျော်၊ဖူးစုံ) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]

# ကျောင်းကောင်စီဥက္ကဋ္ဌဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**ဝါးခယ်မ စက်တင်ဘာ ၇**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဝါးခယ်မမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းကောင်စီဥက္ကဋ္ဌဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲက မြို့မဘောလုံးကွင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘောလုံးဝါသနာရှင်ပြည်သူများ ကွင်းလုံးပြည့် အားပေးကြည့်ရှုကြသည်။

သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်းများမှ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ ငါးသင်းပတ်လည်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲအဖြစ် ကျန်စစ်သားအသင်းနှင့် ဗန္ဓုလအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်စစ်သားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသဖြင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းလှဲ့က ဒုတိယဆုရ ဗန္ဓုလအသင်းနှင့် ပထမဆုရ ကျန်စစ်သားအသင်းတို့အား ဆုဖလားချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

# မိုးပွင့်အဆင့်(၆) ကွင်းဆင်းဆောင်ရွက်

**မုံရွာ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ပျော့ကျေးရွာ အလကကျောင်းခွဲ၌ စက်တင်ဘာ ၃ ရက်က မြင်းမူမြို့နယ်ရုံးမှ ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးဌာနမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကွင်းဆင်းဆောင်ရွက်နေသည့် ဝန်ထမ်းများအား လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။**တိုင်းဒေသကြီး(မြန်/ဆက်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၂/ ၂၀၁၄-၂၀၁၅)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄) ညောင်တုန်းမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လမ်းခင်းကျောက်နှင့် လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄)ညောင်တုန်းမြို့၏ကြော်ငြာသင်ပုန်းတွင် ၉-၉-၂၀၁၄ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၉-၉-၂၀၁၄ ရက် |
| တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - ၂၃-၉-၂၀၁၄ ရက်၊ နံနက် ၁၀ နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - ၂၃-၉-၂၀၁၄ ရက်၊ မွန်းလွဲ ၁၃း၀၀ နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူး အဖွဲ့(၄)၊ ညောင်တုန်းမြို့ |

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄) ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၀၂၀၃ တွင် ၉-၉-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ ညောင်တုန်းမြို့။**

NEW MOTION Travels & Tours
New Motion
Escape From Everyday Life
ဘာလီ ဗုဒ္ဓဂယာ ချင်းမိုင် ဥရောပ
တရုတ် ကိုရီးယား အိန္ဒိယ အမေရိကား
ဂျပန် စင်ကာပူ မော်လဒိုက် ဩစတြေးလျ
ဘူတန် စင်း-မလေး ဗီယက်နမ် စကင်ဒီနေးဗီးယား
ဒူဘိုင်း ဗန်ကောက် ရှန်ဂရီလာ
ဖူးခက် ဟောင်ကောင် ကမ္ဘောဒီးယား
01-508 124, 527 254, 523 253,
09-73148933,73148944,73148955,73148966
အမှတ်- ၁၉၊ ကျန်းတောလမ်း၊ စမ်းချောင်း။

NEW CAMPUS (ကိုယ်ပိုင်မူလတန်းကျောင်း)
Pre-School
အသက်(၂နှစ်ခွဲ)မှ (၅)နှစ်အထိ
သင်ကြားပျိုးထောင်မှု
■ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရန်၊ ခန္ဓာသန်စွမ်းရန်၊ ပေါင်းသင်းဆက်ဆံရေး၊ ယဉ်ကျေးလိမ္မာစေရန် ၊သချာ်စွမ်းရည်မြင့်မားစေရန်။
■ သချာ်၊ အင်္ဂလိပ်၊ မြန်မာစာ (စာရေး၊ စာဖတ်) လေ့ကျင့်ပျိုးထောင်သည်။
■ ခေတ်မီသင်ကြားရေးနှင့် စာသင်ခန်းအရည်အသွေးအပြည့်အဝရှိသော စာသင်နှစ်(၅) နှစ်အထက်ရှိဆရာ၊ ဆရာမများမှ သင်ကြားသည်။
Primary School
■ အသက်(၅) နှစ်မှ (၁၀)နှစ်အထိ (သူငယ်တန်းမှ (၄)တန်းအထိ)
ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်အမှတ်(ကက-၁၃/၁၀/၀၆၄)
သင်ကြားမှု
■ အစိုးရပြဋ္ဌာန်းစာအုပ်ဘာသာစုံအပြင် ထပ်ဆောင်းဘာသာရပ်များဖြင့်
■ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် တာဝန်ယူသည်။
■ ကျောင်းမှ စာသင်၊ စာဖြေခြင်းဖြင့် အတန်းတင်စနစ်ဖြစ်သည်။
■ သင်ထောက်ကူပစ္စည်းများဖြင့် ဘာသာရပ်တိုင်း တာဝန်ယူသည်။
ရန်ကုန် အမှတ်(၂၈)၊ အောင်ဇေယျလမ်း၊ကျောက်ကုန်း၊ရန်ကင်းမြို့နယ်။
ဖုန်း -၀၁-၅၆၆၁၃၃၊၀၁-၇၀၄၅၆၅၊၀၉ -၇၃၂၄၂၇၉၃
နေပြည်တော် ဥတ္တရသီရိမြို့၊ မန္တလေးလမ်း နှင့် ပဲခူးလမ်းထောင့် ။
ဖုန်း -၀၉ - ၄၉၂၀၁၈၁၀၊၀၉ -၄၉၂၀၁၈၁၁

J&B GROUP
အိမ်ပြုပြင်ခြင်းနှင့် အလှဆင်ခြင်းလုပ်ငန်း
Ph:09-73130202,09-73017761
လူကြီးမင်းတို့၏ အိမ်၊ ရုံးခန်း၊ ဆိုင်ခန်းများအတွက် . . . . .
ပြုပြင်ခြင်း(Renovation)
လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ဆေးသုတ်ခြင်း၊ ရေ၊ မီး သွယ်တန်းခြင်း
အလှဆင်ခြင်း(Decoration)
ပါကေးခင်းခြင်း၊လျှာထိုးခင်းခြင်း၊ပေါလစ်တင်ခြင်း၊ အခန်းဖွဲ့ခြင်း၊ ကြွေပြားကပ်ခြင်း၊ ပလာစတာကောနစ်၊ ဂျပ်ဆင်ဘုတ်၊ အလူမီနီယံ၊ စတီး၊ သံပန်း၊ ဆန်းရှိတ်များကို Design ဆွဲ၍ ဈေးနှုန်းချိုသာစွာဖြင့် ပြုလုပ်ပေးနေပါသည်။
အမှတ်(၁၉၆)၊ဗိုလ်ချုပ်လမ်း၊ဗိုလ်တထောင်မြို့နယ်၊သိမ်ဖြူမီးပွိုင့်အနီး

# ရှမ်းပြည်နယ် တာချီလိတ်မြို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေး

**တာချီလိတ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ် တာချီလိတ်မြို့၌ စက်တင်ဘာ ၆ ရက် နံနက်ပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေမှတစ်ဆင့် နမ့်ယွန်းချောင်းနှင့် မယ်ဆိုင်ချောင်းအတွင်း ရုတ်တရက်ချောင်းရေမြင့်တက်ခဲ့၍ ရပ်ကွက်ရှစ်ခုအတွင်း အိမ်ခြေ ၉၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး အိမ်ထောင်စု ၁၀၇၉ စုမှ လူဦးရေ ၄၁၀၉ ဦး ရေဘေးသင့်ခဲ့သဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကျိုင်းတုံခရိုင်ဦးစီးရုံးမှ ငွေကျပ် ၈၃၉၂၄၆၂ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း လေးမျိုး ၁၀၇၉ အိမ်ထောင်စာနှင့် ဆန်သုံးရက်စာ တန်ဖိုးငွေကျပ် ၃၆၉၈၁၀၀ စုစုပေါင်း ပစ္စည်းနှင့် ငွေသားထောက်ပံ့မှု တန်ဖိုးငွေကျပ် ၁၂၀၉၀၅၆၂ အား ယနေ့တွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အတူ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငွေကျပ်သိန်းသုံးရာကျော်ခိုးမှု အမှုဖွင့်ပြီး နာရီပိုင်းအတွင်း ကျူးလွန်သူ ဖမ်းဆီးရမိ

**လားရှိုး စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ အိမ်တစ်အိမ်မှ ငွေကျပ်သိန်းသုံးရာကျော် ခိုးယူသွားသူများကို အမှုဖွင့်ပြီး နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူဆယ်မြို့ ဟိုမွန်ရပ်ကွက်တွင် နေထိုင်သူ ဒေါ်စောလှိုင်သည် စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီခန့်တွင် ၎င်း၏နေအိမ်မှ ဥပုသ်စောင့်ရန်သွားရောက်ခဲ့ပြီး မွန်းလွဲ ၂ နာရီခန့်တွင် နေအိမ်သို့ပြန်လည်ရောက်ရှိခဲ့ရာ နေအိမ်ဘုရားစင်အောက် ဗီရိုအတွင်းသော့မခတ်ဘဲ သိမ်းဆည်းထားသည့် ငွေကျပ် ၃၁၄ သိန်းခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် မူဆယ်မြို့မရဲစခန်းသို့ တိုင်တန်းခဲ့ရာ မူဆယ်မြို့မရဲစခန်းက (ပ)၂၁၇/၁၄ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငွေသိန်းသုံးရာကျော်ကို အိမ်ထဲဝင်ရောက်ခိုးယူသွားသူများအား မူဆယ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ခန့်ဝင်းနိုင် ဦးစီးသောအဖွဲ့က လိုက်လံရှာဖွေခဲ့ရာ အမှုဖွင့်ပြီး တစ်နာရီခွဲခန့်အကြာ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ခိုးမှုကျူးလွန်သူများအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မူဆယ်မြို့ ဟိုနားကွက်သစ် ရွှေလီတည်းခိုခန်း အခန်းအမှတ် (၂၀၁) တွင် တည်းခိုနေသော ထက်မျိုးသူနှင့် ပန်သုကျော်တို့ နှစ်ဦးကို မသင်္ကာ၍ ၎င်းတို့အခန်းအား ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ သက်သေခံ ၁၀၀၀၀ ကျပ်တန် ၇၆၀၊ ၅၀၀၀ ကျပ်တန် ၇၇ ရွက်၊ ၁၀၀၀ ကျပ်တန် လေးရွက် စုစုပေါင်း ငွေရောရာ ၇၉၈၉၀၀၀ ကျပ်အား ရှာဖွေတွေ့ရှိခဲ့ပြီး သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

၎င်းတို့အား ဆက်လက်စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် စက်တင်ဘာ ၁ ရက် နံနက် ၁၁ နာရီခန့်တွင် ဝဏ္ဏ (ခ) မင်းမင်းကျော်နှင့် ဖိုးလပြည့် (ခ) ကတုံးတို့သည် ဒေါ်စောလှိုင်၏ နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ဖော်ပြပါ ငွေကျပ်သိန်းသုံးရာကျော်ကို ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

ဝဏ္ဏ (ခ) မင်းမင်းကျော်နှင့် ဖိုးလပြည့် (ခ) ကတုံးတို့မှာ တိမ်းရှောင်နေပြီး လက်ရဖမ်းဆီးထားသူ ထက်မျိုးသူ (၁၈)နှစ် ဟိုမွန်ရပ်ကွက် မူဆယ်မြို့နေသူနှင့် ပန်သုကျော် (၁၅)နှစ် ဟိုနားရပ်ကွက် မူဆယ်မြို့နေသူတို့အား တရားစွဲဆိုတင်ပို့နိုင်ရန်နှင့် တိမ်းရှောင်နေသူ နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရန် မူဆယ်မြို့မရဲစခန်းမှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ **(၀၈၄)**

STI MYANMAR UNIVERSITY

ဘွဲ့ကြို နှင့် ဘွဲ့လွန်သင်တန်းသားသစ်များ လျှောက်လွှာခေါ်ယူခြင်း

STI Myanmar University နှင့် The Open University of Hong Kong (OUHK)/ SKU တို့ပူးပေါင်း၍အောက်ဖော်ပြပါ အထူးပြုဘွဲ့ကြိုနှင့်ဘွဲ့လွန်သင်တန်းများအားဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Master of Business Administration (MBA)
(ခ) Master of Financial Services (MFS)
(ဂ) Master of Education (MEd)
(ဃ) Bachelor of Business Administration (BBA)
- Management
(c) Bachelor of Engineering (BE)
- Civil and Architectural Engineering
- Electronic Engineering

Application Deadline 22nd Sept 2014

၁။ ဘွဲ့ကြိုသင်တန်းများအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ၊ IGCSE(or)GCE ‘O’ Level အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။
၂။ ဘွဲ့လွန်သင်တန်းများအတွက် သက်ဆိုင်ရာဘာသာရပ်၏ အသိအမှတ်ပြုဘွဲ့ရရှိထားသူများ (သို့မဟုတ်) သက်ဆိုင်ရာအထူးပြုဘာသာရပ်ဘွဲ့မဟုတ်သော်လည်း အနည်းဆုံး လုပ်ငန်းခွင်အတွေ့အကြုံ (၃)နှစ်ရှိထားသူများ လျှောက်ထားနိုင်ပါသည်။
၃။ MBA, MFS, MEd နှင့် BBA ဘွဲ့ကို The Open University of Hong Kong (OUHK) မှချီးမြှင့်ပါသည်။
၄။ BE ဘွဲ့ကို ဆိုးလ်မြို့၏ထိပ်တန်း SKU တက္ကသိုလ်မှ ချီးမြှင့်ပါသည်။
၅။ နှစ်စဉ်အဆိုပါတက္ကသိုလ်များသို့ (၂)ပတ်ခန့်သွားရောက် ပညာသင်ကြားနိုင်ပါသည်။
၆။ ပညာသင် ထူးချွန်ဆုများ ပါရှိပါသည်။
၇။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား (မူရင်း နှင့် မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အသေးစိတ်သိရှိလိုပါက- STI Myanmar University
Building-10, MICT Park, Hlaing Campus, Hlaing Township, Yangon.
No (377), Upper Shwe Bon Thar Street, Pabedan Township, Yangon.
TEL : 507151/507152, 377988, 09250064451, 0931702299, 09420254872

၂၀၁၄ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ရည်မှန်းချက် (၅)ရပ်
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့
မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့
စက်တင်ဘာလ ၁၃ ရက်နေ့
END HUMAN TRAFFICKING
လူသားအချင်းချင်းစာနာလို့
လူကုန်ကူးမှုတိုက်ဖျက်စို့
UN-ACT unicef AAPTIP World Vision Save the Children JICA IOM FXB

**နေပြည်တော် စက်တင်ဘာ ၇**

# သာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ပြား သိမ်းဆည်းရမိ



စက်တင်ဘာ ၅ ရက်က သာစည်မြို့နယ် ပြည်သောင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် မိတ္ထီလာ-တောင်ကြီးကားလမ်း ပြည်သောင်ရွာဘုန်းကြီးကျောင်းရှေ့တွင် တောင်ကြီးမှ မိတ္ထီလာသို့ ဇော်ထက်ဆိုသူ မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ပြား သိမ်းဆည်းရမိသဖြင့် ဇော်ထက်(၃၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ငွေပန်းထိမ်ဆိုင်ဖောက်ထွင်းခိုးယူသူ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းမိ

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပိတောက်မြိုင်ဈေးကြီးအတွင်း စက်တင်ဘာ ၂ ရက် နံနက် ၁ နာရီခွဲခန့်က ရုံ(ဃ)ရှိ ငွေပန်းထိမ်ဆိုင်အား ဝင်ရောက်ဖောက်ထွင်းခိုးယူမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပိတောက်မြိုင်ဈေးအတွင်း လုံခြုံရေးစီမံချက် အထူးဆောင်ရွက်ချက်တစ်ရပ်အနေဖြင့် ဈေးတာဝန်ခံ ဦးဇေယျာဟိန်းနှင့် ဝန်ထမ်းများ၊ ဈေးလုံခြုံရေးတာဝန်ရှိသူများ၊ ဈေးရုံများအတွင်း မီးလောင်မှု မဖြစ်ပွားစေရန်နှင့် ဈေးသူဈေးသားများ၏ ရောင်းကုန်ပစ္စည်းအမျိုးမျိုးနှင့် တန်ဖိုးရှိပစ္စည်းများ ပျောက်ဆုံး၊ ပျက်စီး၊ ဆုံးရှုံးနစ်နာမှု မဖြစ်ပေါ်စေရန် လုံခြုံရေးအထူးတင်းကျပ်ဆောင်ရွက်နေချိန်တွင် ရုံ(ဃ)အတွင်းရှိ ငွေပန်းထိမ်ဆိုင်တွင် မသင်္ကာဖွယ်ရာလူတစ်ဦး ဖောက်ထွင်းခိုးယူနေသည်ကို တွေ့ရှိရသဖြင့် ဈေးသာယာရေးဥက္ကဋ္ဌ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအား အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ကာ ဆိုင်အတွင်း ဝင်ရောက်ခိုးယူနေသည့် ကျော်ဝင်းထွန်း အသက်(၂၂)နှစ် (၃)ရပ်ကွက်(ကျူးကျော်)လှိုင်သာယာမြို့နယ်နေသူအား သက်သေခံပစ္စည်းအဖြစ် ဓားတစ်လက်၊ တူတစ်ချောင်းတို့နှင့်အတူ ခိုးရာပါငွေထည်ပစ္စည်း သိန်း ၄၀ ကျော်ဖိုးခန့်နှင့်အတူ ဖမ်းဆီးရမိ၍ လှိုင်သာယာမြို့မရဲစခန်းသို့ လွှဲပြောင်းကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်နေသည်ဟု သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။



MIT Motivational Intellectual Talk
5th Talk
Self-development
Professor Dr. Aung Tun Thet
(Senior Advisor to the UN Resident Coordinator,
President's Economic Advisor - Myanmar)
Date : 21.9.2014 (Sunday)
Time : 9: 00 - 11:00 AM
Place : MICT Park (Conference Hall)
Organised and Sponsored by GETC
Free Registration @ GETC 01-502775, 537895, 549590, 530097

အမှတ်စဉ် ၈၈၀
ရွှေကျက် ဂျာနယ်
အပတ်စဉ် တနင်္လာနေ့တိုင်း
ဗြိတိန်နိုင်ငံ
ဆင်းဟတ်စ် စစ်ကျောင်းဆင်း
ရှိတ်စော်ဘွားများ
SPECIAL REPORT
■မပြောင်းသောလူနှင့် မကောင်းသောမှု
■ လိမ်ညာသူလား
■ဘ၀ခရီးကြမ်းပေါ်က မိန်းမပျို
■ထိုင်းနိုင်ငံရောက်မြန်မာရွှေ့ပြောင်းလုပ်သားများဘ၀
■ကမ္ဘာ့စနစ်သစ်ရဲ့ပါရာဒိုင်းအရွေ့
■လာမထုတ်သည့် ကွန်တိန်နာများ လေလံတင်တော့မည်
■တရားမဝင်စီးကရက် သိန်း၁၀၀ဖိုးနီးပါးဖမ်းမိ
■မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင်းဖွံ့ဖြိုးရေး စီမံကိန်းများက ပဋိပက္ခဖြစ်စေနိုင်ဟုဆို
အိမ် ခြံ မြေ တိုက်ခန်း ကွန်ဒို စက်မှုဇုန် ရောင်း ဝယ် ငှား
ဈေးနှုန်း သတင်း အချက်အလက်များ ပြည့်စုံစွာ...

## ကျုံပျော်မြို့နယ် အင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**ကျုံပျော်၊ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် အင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက်နံနက် ၈ နာရီက အဆိုပါရုံးရှေ့ချောင်းရေပြင်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူးရုံးတာဝန်ခံဦးမျိုးသိမ်းနှင့် ရုံးဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ NGO အဖွဲ့များနှင့် အင်းသားကြီးများ တက်ရောက်ကြသည်။

ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းနှင့် တီလားပီးယား စုစုပေါင်း ကောင်ရေ ၈၀၀၀၀ ကို အင်းချောင်းအတွင်းသို့ စိုက်ထည့်ပေးခဲ့ကြောင်းသိရသည်။

ဆက်လက်၍လည်း ၂၀၁၄-၂၀၁၅ လုပ်ငန်းရာသီအတွက် အင်းချောင်း သဘာဝရေပြင်နှင့် စပါးခင်းများအတွင်း ငါးမျိုးစုံအကောင်ရေ စုစုပေါင်း ၂၁၂၆၅၀၀ ကိုစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်** (IPRD)

# ကျေးရွာ ၃၀ ကျော် လျှပ်စစ်မီးလင်းနိုင်ရေး ရွှေတောင် စိုက်ပျိုးရေးခြံတွင် ဓာတ်အားခွဲရုံသစ်ဆောက်လုပ်မည်

**မိတ္ထီလာ၊ စက်တင်ဘာ ၇**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများနှင့် အနီးဝန်းကျင်ရှိကျေးရွာ ၃၀ကျော် လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ရွှေတောင်စိုက်ပျိုးရေးခြံ အတွင်း၌ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံသစ် တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဓာတ်အားခွဲရုံအသစ်သို့ လျှပ်စစ်ဓာတ်အားကို အင်းကုန်းဓာတ်အားခွဲရုံ၊ ထိုမှတစ်ဆင့် ကူမဲဓာတ်အားခွဲရုံနှင့် ရွှေတောင်ကျေးရွာအထိ အဆင့်ဆင့် တည်ဆောက်ထားသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် ဆက်သွယ် ပို့လွှတ်မည်ဖြစ်သည်။ ဓာတ်အားခွဲရုံသစ် တည်ဆောက်ပြီးစီးပါက ၎င်းဓာတ်အားလိုင်း တစ်လျှောက်ရှိ ရွှေတောင်ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၃၀ ကျော်ကို လျှပ်စစ်ဓာတ်အားဖြင့် မီးလင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရွှေတောင်စိုက်ပျိုးရေးခြံအတွင်း တည်ဆောက်မည့် ဓာတ်အားခွဲရုံအသစ်မြေနေရာ သတ်မှတ်ခြင်း၊ ပန္နက်ရိုက်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီး ဒုတိယအင်ဂျင်နီယာ ဦးစိန်ဝင်းမြင့်၊ မိတ္ထီလာခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမွန်းအောင်ဇေ နှင့် ဝမ်းတွင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဦးသန်းလှိုင်တို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တနင်္သာရီတိုင်းဒေသကြီး မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲ အမှတ်(၁)အထက်တန်းကျောင်းတွင် ပြုလုပ်

**ထားဝယ်၊ စက်တင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ ဒုတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရဲမှူးကြီး ချစ်စိန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ၊ဆရာမများ၊ World Vision မှ တာဝန်ရှိသူများက 'လူသားအချင်းချင်းစာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့' ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲဝင်နေသော (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ကျောင်းသား၊ ကျောင်းသူများအား ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပြည်သူလူထုအတွင်း လူကုန်ကူးမှု အသိပညာပေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်၊ လူကုန်ကူးသူများကို ဥပဒေနှင့်အညီ အမှုခိုင်မာစွာ တည်ဆောက်၍ တရားစွဲတင်ပို့ရေး ဆောင်ရွက်ရန်၊ လူကုန်ကူးခံရသူများအား အကာ အကွယ်ပေးရေးနှင့် ၎င်းတို့၏ဘဝ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

'လူသားအချင်းချင်းစာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့' ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်းကိုးဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၅ ဦး၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅ ဦး၊ ကာတွန်းပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၂ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆ ဦး၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ခုနစ်ဦး၊ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၆ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ကျောင်းသား၊ ကျောင်းသူများကို World Vision မှ တာဝန်ရှိသူများက စားသောက်ကုန်မျိုးစုံ၊ ကျောင်းသုံးပစ္စည်းနှင့် ပညာပေးစာအုပ်၊ စာစောင်များကို ဝေငှပေးခဲ့ကြကြောင်း သိရသည်။

**တနင်္သာရီတိုင်းဒေသကြီးပြန်/ဆက်**

## ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများထုတ်ပေး

**မြင်းမူ၊ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် မြို့နယ်အတွင်း နယ်မြေကြီးလေးခုခွဲကာ ကျေးရွာများသို့ ကွင်းဆင်း၍ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်လင်းနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၃ ရက်က မြင်းမူမြို့နယ်၊ ပျော့ရွာကျေးရွာရှိ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူ ၁၃၁ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရာသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်မြင့်၊ ခရိုင်ဦးစီးဌာနမှူး ဦးတိုးလင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များက ကြည့်ရှု အားပေးခဲ့ကြကြောင်းသိရသည်။

**ဖိုးခါး**

GUSTO Institute of Information Technology
UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများအတွက်
HND Diploma in Computing (UK)

- ယခင်က UK သို့သွားရောက်သင်ယူနေရသော QCF Level 5 အဆင့်ရှိ Higher National Diploma ဘွဲ့ကို ရန်ကုန်မြို့ရှိ GUSTO - ကွန်ပျူတာ နည်းပညာအင်စတီကျု တွင်တက်ရောက်နိုင်ပါပြီ။
- စာသင်ကာလအတွင်း အဆင့်မြင့် ကွန်ပျူတာနည်းပညာများကို UK သင်ရိုးညွှန်းတမ်း အတိုင်း StudentCentered ပုံစံဖြင့် သင်ယူရမည်ဖြစ်သည်။
- တက်ရောက်အောင်မြင်ပါက Pearson (UK) မှချီးမြှင့်မည့် Higher National Diploma in Computing ဘွဲ့ကိုရရှိမည်ဖြစ်သည်။
- HND ဘွဲ့ရရှိပြီးပါက နိုင်ငံတကာ တက္ကသိုလ်ကြီးများ၌ ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO အင်စတီကျု၌ဖြစ်စေ TOP-Up Degree တက်ရောက်၍ B.Sc.(Hons) in Computing ဘွဲ့ကိုရယူနိုင်ပါသည်။

*စိတ်ပါဝင်စားသူများသည် မိမိတက်ရောက်သင့်သည့် Level ကို GUSTO ရှိCourse Consultant များနှင့် တိုင်ပင်ဆွေးနွေးပြီး တက်ရောက်နိုင်ပါသည်။*

UK Curriculum
B.Sc. (Hons) in Computing (UK)
HND Diploma in Computing (UK)
HND Foundation
National Diploma in Computing (UK)
2nd Year and above
Grade 11/ IGCSE (ဆယ်တန်းအောင်)
Grade 10 (ကိုးတန်းအောင်)

September Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ။
Call us : 09-86 288 06 | 09- 4500 561 04

ကျန်းမာရေးဆောင်းပါး

# “ စီးပွားလည်းတက် ဆေးဖက်လည်းရ စိုက်ကြသံပရာ ”

à &mrn(ao,

မြန်မာတို့၏ နှုတ်လျှာထက်တွင် အာဟာရ အလို့ငှာ နေ့စဉ်နှင့်အမျှ စားသုံးနေကြရသော အစားအစာများတွင် ချို၊ ဆိမ့်၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန်ဟူ၍ ရသမခြောက်မျိုးရှိသည်။ ယင်းသို့သော ရသမခြောက်မျိုးရှိသည့်အနက်မှ အချို့သော လူမျိုးတို့သည် အချိုကဲသောရသာများကို ပြုပြင်ဖန်တီးစားသုံးကြသည်။ အချို့ကား အဆိမ့်ကဲ၊ အစပ်ကဲ စားကြလေ့ရှိသည်။ မိမိတို့ မြန်မာအများစုသည် အစပ်၊ အချဉ်၊ အဖန် ခပ်လေးလေးအရသာကို နှစ်သက်တတ်ကြသည်။ မိမိတို့ကြိုက်နှစ်သက်ကြသော အရသာကို စားပင်သီးပင်များမှရယူ အသုံးပြုကြရသည်သာဖြစ်သည်။

လူတို့စားသုံးကြရသော အိမ်တွင်းစားဖိုဆောင်သုံး သီးနှံများတွင် မိမိတို့မြန်မာ့ခံတွင်းကြိုက် အချဉ်ရသာအတွက် သံပရာသီးသည် အဓိကအခန်းမှ ပါဝင်လျက်ရှိသည်။ သံပရာဆိုသည်က လူတို့အတွက် အချဉ်ရသာကို ပေးနိုင်စွမ်းသော အာဟာရသီးနှံအဖြစ်သာမက တိုင်းရင်းသမားတော်များ အသုံးများသည့် ဆေးဖက်ဝင်အပင်အဖြစ်ကိုပါ သုံးစွဲလာခဲ့သည်မှာ ရှေးအတီတေအစဉ်အဆက်ကပင်ဟု ဆိုနိုင်ပါသည်။

ရှေးဟောင်းကျမ်းလာ ဥတုဘောဇနသင်္ဂဟကျမ်းမှာပင် အချဉ်၏မူလဂုဏ်သတ္တိကို ဤသို့ပြဆိုပါသည်။ အစာကို ကြေစေတတ်၏၊ နှုတ်ကိုမြိန်စေတတ်၏။ သွေး၊ သည်းခြေ၊ သလိပ်တို့ကို ပျက်စေတတ်၏၊ ကြေလွယ်၏၊ လေကို နိုင်၏၊ ထက်၏၊ ပူ၏၊ ပိန်စေတတ်၏၊ သုက်ကို နည်းစေတတ်၏၊ အဆီသြဇာရှိ၏၊ ဝမ်းချုပ်သည်ကို ပျောက်စေတတ်၏၊ မျက်စိနှင့်မသင့်၊ သွားကို ကျိန်းစေတတ်၏၊ မျက်ခုံးမျက်မှောင်တို့ကို ရှုံ့စေတတ်၏၊ ကိုယ်တွင် လိမ်းကျံလျှင် အေး၏၊ ယင်းအချဉ်ကိုများများ စားလျှင် စိတ်ပုံ့လွင့်ခြင်း၊ မူးဝေခြင်းဖြစ်တတ်၏၊ ရေငတ်၏၊ ကိုယ်ပူ၏၊ ကြက်မျက်သင့်တတ်၏၊ ဖျားတတ်၏၊ ကိုယ်လက် ယားယံတတ်၏၊ ယားနာပေါက်တတ်၏ဟု ဆိုထားပါသည်။

သို့သော် အချဉ်မှရသော အာဟာရ ယင်းသို့ အကျိုးပြုနေရုံမျှသာမက လူတို့သည် သံပရာသီးမှ စားမြိန်ဖွယ် အာဟာရအနေဖြင့်တိုးချဲ့ အသုံးပြုခြင်းကား အလွန်ကျယ်ဝန်းများပြားလှသည်။ သံပရာသီးကိတ်များ၊ ဘီစကစ်များ၊ ဝေဖာများအပြင် သံပရာယမကာများ၊ သံပရာရှာလပတ်ရည်များ၊ သံပုရာယို၊ သံပုရာကျတနီး၊ သံပရာသနပ် စသည်ဖြင့် နည်းမျိုးစုံ ပြုလုပ်စားသောက်ကြသည်။ သို့ဖြင့် သံပရာသည် မီးဖိုဆောင်သီးနှံမှ လူတို့အတွက် စီးပွားရေး အရင်းအမြစ် စားသုံးကုန်များအဖြစ်သို့ ရောက်ရှိလာကာ ကမ္ဘာတစ်ဝန်းလုံး ခရီးဆန့်လျက်ရှိနေပြီဖြစ်သည်။

သံပရာ၏ မျိုးရင်းမှာ Lemon ဟုခေါ်သော Citron ရှောက်ပင်မျိုးဝင်ဖြစ်၍ အပင်ငယ်မျိုးဖြစ်သည်။ အနောက်တိုင်းသမိုင်းပညာရှင်တို့က ခရစ်နှစ် ၁၀၀၀ နှင့် ၁၂၀၀ အတွင်းက စပိန်နှင့်အာဖရိက မြောက်ပိုင်းသို့ စတင်ပေါက်ရောက် ပြန့်ပွားလာခဲ့ဟန်ရှိသည်ဟုဆိုသည်။ ထိုအချိန်လောက်မှာပင် အခြားသော ဥရောပတိုက်ရှိ တိုင်းနိုင်ငံများသို့ ပါလက်စတိုင်းနိုင်ငံမှ ပြန်လာသော ရုဆေ့ဒ်စစ်သားတို့က ယူဆောင်လာခဲ့ကြသည်ဟုဆိုသည်။ သို့ဖြင့် ပါလက်စတိုင်းနိုင်ငံ၌ သံပရာပင် အမြောက်အမြား ပေါက်ရောက်လျက်ရှိနေပြီဖြစ်သည်။

Lime ခေါ် မြန်မာသံပရာမျိုးကို ရုက္ခဗေဒအခေါ် Citrus Aurantolia ဖြစ်သည့် ရှောက်မျိုး၌ပါဝင်သည်။ Leman သံပရာနှင့် တူလျက် အပင်မှာပို၍ အကိုင်းအခက်များသည်။ အသီးလည်း ပို၍လုံးဝန်းသည်။ အချဉ်တော်သုံးသံပရာ (အခွံတွန့်၊ ဝိုင်း၊ အခွံကြမ်း၊ အရည်နည်း) တို့ဖြစ်သည်။

သံပရာသီး၏ ဂုဏ်သတ္တိများကို အာယုဗ္ဗေဒကျမ်း၏ အလိုအားဖြင့် သံပရာသီးသည် ချဉ်၏၊ လေကိုပယ်ဖျက်တတ်၏၊ ဝမ်းမီးကို တောက်စေ၏၊ အစာကိုကြေစေ၏၊ ကြေကျက်လွယ်၏၊ ပိုးကိုပယ်တတ်၏၊ ဝမ်းဗိုက်ရောဂါမျိုးနိုင်၏၊ ပင်ပန်းခြင်းကိုပယ်တတ်၏၊ ထိုးအောင့်ခြင်းကို အကျိုးပြု၏၊ နှုတ်ကိုမြိန်စေတတ်၏၊ ဝမ်းမီးညံ့ခြင်းအမျိုးမျိုး၊ သွားရည်ကျခြင်း၊ ချုပ်ခြင်း၊ ကာလဝမ်းရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

နိဃဏ္ဍု ရတနာကရကျမ်းအလိုမှာ သံပရာသီးသည် ပူ၏၊ ခါးသက်သက်ရှိ၏၊ ဖန်၏၊ ကြေကျက်လွယ်၏၊ အစာကိုကြေစေတတ်၏၊ ဝမ်းမီးတောက်၏၊ အလွန်နှုတ်ကို မြိန်စေတတ်၏၊ သလိပ် လေကိုနိုင်၏၊ အန်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းရောဂါ၊ ခယရုက်ရောဂါ၊ အညစ်အကြေးများ တောင့်ခိုင်ခြင်း၊ ကာလဝမ်းရောဂါတို့၌ အကျိုးပြု၏၊ ဒေါသသုံးပါးကိုနိုင်၏၊ အစာမကြေ လေပြည့်ရောဂါ ဂူလုံးရောဂါ၊ ပိုးရောဂါတို့ကို နိုင်၏။

ယခုခေတ် တိုင်းရင်းဆေးဆရာတို့ကမူ သည်ဟုဆိုခဲ့သည်။ လူ့ခန္ဓာအိမ်တွင် ဘက်တီးရီးယားစသော ပိုးများကြောင့် တိုက်ဖွိုက်ရောဂါ၊ ကာလဝမ်းရောဂါ စသည်များဖြစ်ရလေ့ရှိသည်။ ထိုအခါမျိုး၌ သံပရာရည်ကို အသုံးပြုပါက ပိုးများသေကြေပျက်စီးကုန်ပါသည်။ ယင်းကဲ့သို့သော သတ္တိကြောင့် သံပရာရည်ကို စည်းကမ်းတကျသောက်ပါက အဆစ်ရောင်ကိုက်ခြင်း၊ အစာမကြေ လေပြည့်ရောဂါတို့အတွက် အထူးအကျိုးပြုပါသည်။ သိပ္ပံပညာရှင်တို့က လူတို့တွင် ခန္ဓာကိုယ် အဆစ်အဆက်တို့၌ ပိုးတစ်မျိုးရှိသည်။ ထိုပိုးတို့က အဆစ်အဆက်များကို အဆိပ်အတောက်ဖြစ်ပွားစေကာ အခြားသောဒေါသတို့နှင့်ပေါင်း၍ အဆစ်ရောဂါ တစ်မျိုးမျိုးဖြစ်ပွားစေတတ်သည်။ သံပရာရည်သည် ထိုပိုးတို့ကို ဖျက်ဆီးနိုင်သောစွမ်းရည်ရှိ၏ဟု ဆိုသည်။

အစာအိမ်ကို အလွန်ထက်မြက်စေသော ကုထုံးတစ်ရပ်မှာ လိမ္မော်သီးတစ်လုံး၏ထိပ်ဝကို အနည်းငယ်ဖွင့်၍ သံပရာရည်ကိုထည့်ပါ၊ ထို့နောက် လိမ္မော်သီးကို အဝတ်သန့်နှင့်ထုပ်၍ အရည်ညှစ်ယူပါ၊ ယင်းလိမ္မော်သံပရာရည်ကို လူနာအားတိုက်ပါ၊ လိမ္မော်ရည်ကြောင့် သားများက ယခုတိုင်ဆိုနေကြသည်။

မိမိတို့မြန်မာပြည်တွင် မြစ်ခြောက်နာဟုခေါ်နေကြသော Consum Plion နှင့် ကင်ဆာရောဂါအတွက် သံပရာအသုံးပြု ကုသသော ဒေါက်တာဝီလ်ဆင်၏ နည်းအရ Life And Heal အမည်ရှိ စာစောင်တွင်ဖော်ပြထားသည်မှာ ထွားကြိုင်းသောသံပရာသီးတစ်လုံး၊ ရေအေးမှာစိမ်ပြီး ရေကိုနွေးအောင်လုပ်ပါ၊ သံပရာသီးပျော့ပျောင်းနူးညံ့သွားက ဖောက်၍ အရည်စုပ်သောက်ပါ၊ သို့မဟုတ်က သံပရာသီးကိုညှစ်၍ ပျားရည်နှင့်သောက်ပါ။ မနက်၊ ညသောက်ပေးရသည်။ ထမင်းစားပြီးနောက် မသောက်ရပါ။ ပထမနေ့တွင် တစ်လုံး၊ ဒုတိယနေ့မှစ၍ တစ်နေ့လျှင် တစ်လုံးစီတိုးကာ သောက်သွားပါ။ ၁၂ လုံးပြည့်သောအခါ၊ ယင်းသို့မသောက်နိုင်ပါက ရှစ်လုံးအထိ သောက်ပြီး တစ်နေ့တစ်လုံးချင်း လျှော့သောက်နိုင်ပါသည်ဟု ဆိုထားပါသည်။

ထို့နောက် မိမိတို့ မလှချင် မြန်မာမလေးများ ခန္ဓာကိုယ်အလှအဆီ လျှော့လိုပါက သံပရာရည်၊ လက်ဖက်ရည် ပန်းကန်တစ်လုံးစာကို ရေဆတူရော၍ နေ့စဉ်သောက်ခြင်း။ ဥပုသ်ရက်ဆက်စောင့်ခြင်း ပြုလုပ်ခဲ့သော် အဆီတိုးမလာနိုင်တော့ပါ။ အလျှင်အမြန်လျှော့ပါသည်။ ဥပုသ်ရက်ရှည် မစောင့်နိုင်သော် အစားအစာကိုလျှော့စားပါ။ သံပရာသည် ခန္ဓာကိုယ်မှအဆီကိုခြောက်ခန်းစေပါသည်။ အဆိပ်ကို ပယ်ပျောက်စေတတ်ပါသည်။ ထို့ကြောင့် ခန္ဓာကိုယ်ပါးလွှာ သွယ်လျသွားပါလိမ့်မည်။

## လူ့ခန္ဓာကိုယ်တွင် ဘက်တီးရီးယားစသောပိုးများကြောင့် တိုက်ဖွိုက်ရောဂါ၊ ကာလဝမ်းရောဂါစသည်များ ဖြစ်ရလေ့ . . .

ဓာတ်ပိုပြီး အခွံ၌လည်း အခါးဓာတ်များသည်။ မိမိတို့ အာရှတိုက်တောင်ပိုင်းဒေသ အနှံ့အပြားပေါက်ရောက်သည်။ ထိုအရပ်ဒေသမှတစ်ဆင့် ပူနွေးသောဆက်စပ်ဒေသများသို့ ပြန့်နှံ့ရောက်ရှိကာ ယခုအခါ Cooling Drink ခေါ် အအေးယမကာအဖြစ် အလွန်တွင်ကျယ်နေသည်။

သံပရာပင်ကို လူတိုင်းလိုလို သိကြမည် ထင်ပါသည်။ ပုံပန်းသဏ္ဌာန်ကို အထူးဖော်ပြစရာမလိုဟုဆိုရပါမည်။ အခွံပါး၍ အရည်ရွှမ်းသော သံပရာသီးသည် အကောင်းဆုံးဖြစ်ပါ၏။ သံပရာသီးသည် နုစဉ်စိမ်း၍ ရင့်မှည့်လာလျှင် အဝါရောင်ပြောင်းသွားသည်။ မြန်မာပြည်တွင် အခေါ်အဝေါ်ကွဲပြားနေသော အမျိုးအစားများမှာ ၁။ မြန်မာသံပုရာ (အလုံးသေး၊ အခွံပါး၊ အရည်ရွှမ်း) ၂။ သံပရို (အလုံးကြီး၊အခွံကြမ်း၊ အရည်နည်း အလုံးရှည်မျောမျော) ၃။ ကျွဲကော သံပရာ (အလုံးရှည်မျောမျော၊ အခွံထူကြမ်း၊ အရည်နည်း) ၄။ နန်းသံပရာရည်သည် ဝမ်းမီးကိုတောက်စေ၏၊ အစာကြေစေ၍ နှလုံးကို အားပေးတတ်၏၊ ရေငတ်ခြင်းကို တားမြစ်တတ်၏၊ သွေးသည်းခြေကိုနိုင်၏၊ တက်ဖျား၊ ကျဖျား ပျောက်ကင်းစေတတ်၏၊ ဆီးကို ရွှင်စေတတ်၏ဟု ဆိုကြသည်။ သိပ္ပံပညာရှင်တို့ကမူ အသက်ကို စောင့်ရှောက်တတ်သော အချဉ်ဓာတ် Vitalizing Acid သည် အခြားသောအချဉ်သီးများထက် အချဉ်ဓာတ်ပိုမိုသည်။ အခြားသောအသီးများက စိမ်းလျှင် ချဉ်၍ မှည့်လျှင်ချိုလာလေ့ရှိသည်။ အမှည့်လွန်ပါက ထိုသို့သော အသီးများ၌ အက်စစ်အစရှိသော လူခန္ဓာကိုယ်ကို အသက်ရှည်စေသော သတ္တိကို ဖျက်ဆီးတတ်သည့်အက်စစ်များ ရှိကြ သည်။ သံပရာတွင်မူ ယင်းသို့ မရှိချေ။ အမှည့်လွန်သည့်တိုင် မူလအချဉ်ဓာတ်ကို မစွန့်။ ဤသည်မှာ အခြားသော အချဉ်သီးများနှင့် ကွဲပြားထူးခြားသော အချက်ပင်ဖြစ်သည်။

သံပရာတွင် ပိုးကိုပယ်တတ်သော သတ္တိရှိ သံပရာအချဉ်ဓာတ် ပျော့သွားပါမည်။ အစာအိမ်ရောဂါများ သက်သာပျောက်ကင်း စေနိုင်ပါသည်။

လူတို့၏ ခန္ဓာကိုယ်တွင်းရှိ အညစ်အကြေးများ၊ အဆိပ်အတောက်များစွာသည် သံပရာ၏အစွမ်းသတ္တိကြောင့် စုဝေးနေသောဒေါသများ Waste Poisons ကို အလွန်လွယ်ကူစွာ အပြင်သို့ထုတ်ဆောင်ပေးတတ်၏။ ဆီးအိမ်နှင့် အရေပြားရှိအပေါက်ငယ်များမှတစ်ဆင့် ထုတ်ပစ်၏၊ ထိုနည်းမှတစ်ပါး အသည်းကို စင်ကြယ်စေသော သံပရာနှင့်တူသော အခြားဆေးများကို ယခုအခါ ကမ္ဘာတွင် မတွေ့ရှိရသေးဟု ဆိုထားသည်။

သံပရာသီးနှင့် ငှက်ဖျားရောဂါကို ကုသကြသော စစ္စလီကျွန်းနေများသည် ကော်ဖီကျကျတွင် သံပရာရည်ညှစ်ထည့်၍ တိုက်ကြသည်။ အလွန်ပြင်းထန်သော ငှက်ဖျားရောဂါများကိုပင် ယင်းသို့သံပရာရည်ဖြင့်သာတိုက်ခြင်းဖြင့် အလွန် အကျိုးပြုကြောင်း ကျွန်းသူကျွန်း

အရေပြားရောဂါ အပြင်လိမ်းဆေးအဖြစ် အသုံးပြုပါက သံပရာရည်သည်အလွန်ထက်မြက်ပါသည်။ ဝဲနာ၊ ယားနာအမည်းကွက်များ မွေးကျွတ်ရောဂါတို့၌ သံပရာသီးစိတ်၍ ပွတ်ပေးရ၏၊ သံပရာရည်သည် သလိပ်ကိုဖြစ်စေတတ်သော အင်္ဂါအစိတ်အပိုင်း၏ မကောင်းခြင်းကြောင့်ဖြစ်ပွားသော ဝမ်းသက်ရောဂါကို အကျိုးအလွန်ပြုပါသည်။ လက်လျှော့ထားရသော လူနာကိုပင်လျှင် တစ်နေ့လျှင် သံပရာရည် ၂၅ကျပ်သားမျှတိုက်၍ ကုသခဲ့ရာ အံ့သြဖွယ် ပျောက်ကင်းခဲ့သည်ဟုဆိုပါသည်။

အဖျဉ်းရောဂါသည် ကုသရခက်ခဲသော ရောဂါတစ်မျိုးဖြစ်သည်။ မျက်နှာအရောင်ဝါလာတတ်သည်၊ ဝမ်းဗိုက် ပြည့်ဖောင်းနေသည်။ အသက်ရှူမြန်၍အမောမခံနိုင်၊ ယင်းကဲ့သို့သောရောဂါအတွက် အဝါရောင်ရှိသောကြွေပုပ်တစ်ကျပ် ရှစ်ပဲသားကို ကြိတ်၍ သံပရာရည်နှင့်နယ်ပါ။

စာမျက်နှာ ၁၈ သို့

(မွေးတောင်ကြီး ခရီးသွားလုပ်ငန်းမှ စီစဉ်သည်)
သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

ယခင် (8)သိန်း ယခု (6.6) သိန်းစရိတ်ငြိမ်း (ယခင် ၁၂ရက်ခရီးစဉ်အစား ၁၅ရက်) ဖွား၊ ပွင့်၊ ဟောၢစံ သာဝတ္ထိ၊ ဝေသာလီ၊ နာလန္ဒာ၊ပတ္တနား၊ ရာဇဂြိုလ်
ယခင် (9)သိန်း ယခု (7.7) သိန်းစရိတ်ငြိမ်း အထက်ဖော်ပြပါ ခရီးစဉ်အပါအဝင် နယူးဒေလီ၊ တပ်ချ်မဟာ
ဈေးနှုန်းလျှော့၍ ဝန်ဆောင်မှုလျှော့မည်မဟုတ်၊ ရန်ကုန်မှ ထွက်ခွာ/ပြန်ရောက်သည်အထိ မည်သည့်အပိုကြေးမှ ထပ်မံပေးသွင်းရန်မလိုစရိတ်ငြိမ်း။
ခရီးစဉ်ရက်များ Oct-8,15,22,29 Nov-5,12,19,26 Dec-3,10,17,24 Jan-7,14,21,28
အပတ်စဉ် အောက်တိုဘာလမှ ဧပြီလကုန်အထိ ဗုဒ္ဓဟူးနေ့တိုင်းထွက်ရှိပါမည်။
-ခရီးစဉ်များအားလုံး (၁၅) ရက်ခရီး
-အသွား၊ အပြန် လေယာဉ်လက်မှတ်
-အိန္ဒိယ၊ နီပေါ၊ ဗီဇာကြေး၊
-အများနည်းတူ စားသောက်/တည်းခိုမှု
-ဂယာနှင့် နယူးဒေလီ (ဟိုတယ်တည်း)
-ဘုရားစုံ၊ နေရာစုံ၊ ဒေသစုံ
-(၁၆)ဦး (၁)ဦးအခမဲ့
ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း (အပေါ်)၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁-၂၀၀၉၅၂၊၀၉-၅၂၁၁၄၀၂
မန္တလေးရုံး ဖုန်း ၀၂-၂၄၅၄၀၊၀၉-၃၀၂၀၉၄၀၈ တောင်ကြီးရုံး ဖုန်း ၀၈၁-၂၀၁၃၃၊၀၈၁-၂၁၂၂၄၀၂
Hot Line - 01-200952

Glory Hope Education Centre
ပညာအရည်ချင်းမလိုပဲ ကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့ Better Tomorrow EPS - TOPIK
■ လစာ(၁၀)သိန်း အထက်ရရှိနိုင်သော အာမခံချက်။
■ မြန်မာစကား ကျွမ်းကျင်စွာပြောနိုင်သော ကိုရီးယားလူမျိုး ဆရာကိုယ်တိုင် သင်ကြားပို့ချချက်များ
■ ကိုရီးယားဘာသာ၊ယဉ်ကျေးမှုနှင့် လုပ်ငန်းခွင် စသည့်အတွေ့ကြုံများကို ပေါင်းစပ်သင်ကြားသည်။
■ ကိုရီးယားဘာသာစကား လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲအောင်မြင်သည်ထိ တာဝန်ယူသင်ကြားပေးနေပါသည်။
■ တန်းခွဲသစ်များ (၁၅.၉.၂၀၁၄)နေ့နောက်ဆုံးလက်ခံပါမည်။
တွေ့ဝေမနေဘဲ အရင်ဆုံး ဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်လိုက်ပါ၊ (License No.260120361)
ချမ်းသာပလာဇာ(ပုဇွန်တောင်) ဒုထပ်၊အထက်ပုဇွန်တောင်လမ်း ဖုန်း ၃၉၇၅၀၂၊ ၂၉၉၀၃၃၊၀၉ ၅၁၅၀၅၅၈၂
ဦးထွန်းလင်းမြင့်လမ်း လှည်းတန်း ဖုန်း ၅၁၂၈၀၄၊ ၀၉၄၃၀၂၉၂၁၆

အကျိုးဆောင် ကို Internet မှ ဖတ်ရှုနိုင်ပြီ
အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ငှားလိုသူများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် မရှိမဖြစ်လိုအပ်သော အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ထုတ်ဝေသည့် အကျိုးဆောင်ဂျာနယ်ကို ယခုအခါ ဂျာနယ်အနေဖြင့်သာမက ကမ္ဘာတစ်ဝန်းမှ www.ahkyosaungjournal.com (website) တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ Google တွင်လည်း အကျိုးဆောင်ဂျာနယ်ဟု မြန်မာလိုရိုက်၍ ကြည့်ရှုနိုင်ပါပြီ

အမည်ပြောင်း
ပေါက်ခေါင်းမြို့ ချောင်းကောင်းအုပ်စု ရေဦးရွာ True ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း တက္ကသိုလ်ဝင်တန်းမှ (ဘ) ဦးသန်းစိုး၏သမီး မနှင်းပွင့်ဖြူအား မဘုန်းပွင့်ချိုဟု ပြောင်းလဲခေါ်ပါရန်။

ပုလဲနက်
ခရုံဆိပ်ကမ်း၊ ခရုံအရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသဖြင့်၊ ရောင်းဝယ်လိုက အမြန် ဆုံးဆက်သွယ်နိုင်ပါသည်။
ဖုန်း 09 450033732, 0973139893

# ဧရာဝတီမြစ်ရေတက်လာ၍မြန်အောင် ကမ်းနားတန်းရှိ အိမ်များ ပြောင်းရွှေ့ပေး

**မြန်အောင်၊ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်တွင် စက်တင်ဘာ ၅ ရက် ည ၈ နာရီက ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အမှတ်(၆)ရပ်ကွက် ကမ်းနားတန်းရှိ အိမ်ထောင်စု ၁၉ စုကို ရေဘေးအန္တရာယ်ကင်းလွတ်ရာ အမှတ်(၆)ရပ်ကွက်ရှိ ရွှေဘုံသာဘုရားဓမ္မာရုံသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်းသိရသည်။

ဧရာဝတီမြစ်ရေ မြင့်တက်လာ၍ရေဘေးအန္တရာယ်ကင်းလွတ်ရာသို့ ပြောင်းရွှေ့ပေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က စနစ်တကျပြောင်းရွှေ့ခြင်း၊ လုံခြုံရေးဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကူညီဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြန်အောင်မြို့၏စိုးရိမ်ရေမှတ်မှာ ၆၇ ပေ ဖြစ်ပြီး စက်တင်ဘာ ၅ ရက် ညနေ ၆ နာရီတွင် ၆၈ ဒသမ ၂ ပေအထိ မြစ်ရေမြင့်တက်ခဲ့သည့်အတွက် စိုးရိမ်ရေမှတ်အထက် ၁ ဒသမ ၂ ပေ ကျော်လွန်လျက်ရှိကြောင်းနှင့် နှစ်စဉ် ဧရာဝတီမြစ်ရေတက်ချိန်တွင် ဧရာဝတီမြစ်ကမ်းနားဘေးတွင် နေထိုင်သော အိမ်ထောင်စုများကို ရေဘေးအန္တရာယ်ကင်းလွတ်ရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်းသိရသည်။

**ဝင်းဗိုလ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်ရွေးကောက်ပွဲကော်မရှင်နှင့် မြို့နယ်ကော်မရှင်များ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကျင်းပ

**သီပေါ၊ စက်တင်ဘာ ၇**

ရှမ်းပြည်နယ်( မြောက်ပိုင်း )၊ ကျောက်မဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်အတွင်း ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ကျင်းပခဲ့သည်။

အခမ်းအနားတွင်ကျောက်မဲခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ကျောက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအရာရှိ ဦးကျော်ကျော်က ဘဏ္ဍာရေးကိစ္စရပ်များနှင့် ဝန်ထမ်းခန့်ထားရေးကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုကြသည်။

ထို့နောက် သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးထွန်း၊ နောင်ချိုမြို့နယ်ဥက္ကဋ္ဌ ဦးတင်ဦး၊ နမ္မတူမြို့နယ်ဥက္ကဋ္ဌဦးမင်းဇော်လတ်တို့က မိမိတို့မြို့နယ်အလိုက်ရုံးဖွင့်လှစ် ဆောက်လုပ်မှုအခြေအနေ၊ ရုံးအသုံးအဆောင်ပရိဘောဂပစ္စည်းများ၊ မော်တော်ဆိုင်ကယ်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြကြရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**စိုင်း(သီပေါ)**



# စစ်ကိုင်း မူလတန်းကြိုကျောင်းရှိကလေးငယ်များအား ဖြည့်စွက်စာ အာဟာရနို့တိုက်ကျွေး

**စစ်ကိုင်း၊ စက်တင်ဘာ ၇**

ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ မူလတန်းကြိုကျောင်းရှိ ကလေးငယ် ကျောင်းသား၊ ကျောင်းသူလေးများအား ဖြည့်စွက်စာ အာဟာရနို့တိုက်ကျွေးခြင်းကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျောင်း၌ တိုက်ကျွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဦးနှင့် ဆရာမများက တိုက်ကျွေးခဲ့ကြသည်။

"ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့ အခုလို မူလတန်းကြိုကျောင်းတွေမှာရှိတဲ့ ကလေးငယ်တွေကို တစ်ပတ်နှစ်ကြိမ် ဖြည့်စွက်စာအဖြစ် အာဟာရနို့ တိုက်ကျွေးပေးနေပါတယ်။ တနင်္လာနဲ့ သောကြာနေ့တွေမှာ တိုက်ကျွေးဖြစ်ပါတယ်။ ဒီစစ်ကိုင်း မူလတန်းကြိုကျောင်းမှာ ကလေးငယ်ကျောင်းသား ၇၂ ဦး၊ ကျောင်းသူ ၇၈ ဦး စုစုပေါင်း ၁၅၀ ရှိပါတယ်။ အသက် ၃ နှစ်ကနေ ၅ နှစ်အထိ ကလေးငယ်တွေကို နှစ်စဉ်ဦးရေ ၁၂၀ ကနေ ၁၅၀ အထိလက်ခံ သင်ကြားပေးပါတယ်။ စာသင်ချိန်လေးတွေ၊ ကစားချိန်လေးတွေ၊ အိပ်ချိန်လေးတွေ၊ ဉာဏ်ရည်ထက်မြက်မယ့် လက်တွေ့သင်ကြားပြသမှုလေးတွေ သက်မှတ်ပေးထားပြီး ကလေးငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် သင်ကြားပြသပေးနေပါတယ်။ ပျော်လည်းပျော်ပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီးက ပြောကြားခဲ့သည်။

**ဇော်မြင့်နိုင်**

# စပါးခင်းများအတွင်း မြစ်ရေများဝင်

**ရေစကြို၊ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ သာစည်ကျေးရွာအုပ်စု၊ သာစည်ကွင်းတွင် စိုက်ပျိုးထားသော မိုးစပါးအခင်းများအတွင်း မြစ်ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီသာစည်ကွင်းက မြစ်ရေဝင်ကွင်းဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရေမကြီးတာလည်း သုံးလေးနှစ်ရှိပြီ ကျွန်တော်တို့ကလည်းဒီနှစ်မှ မိုးစပါးစစိုက်တာဖြစ်ပါတယ်။ စိုက်ရတဲ့ အကြောင်းကလည်း ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် စီမံကိန်းက ရေပေးမြောင်း ဖောက်ပေးတဲ့အတွက် အဲဒီရေပေးမြောင်းကိုအားပြုပြီး မိုးစပါးဧက ၇၀ ကျော်လောက် စိုက်ပျိုးခဲ့ပါတယ်။ ပြီးခဲ့တဲ့စက်တင်ဘာ ၂၇ ရက်ကစပြီး ညောင်တောရွာနဲ့ ညောင်ဘိုပင်ရွာကြား စွတ်ရိုးမြောင်းကတစ်ဆင့်မြစ်ရေဝင်တာတစ်ပတ်ကြာပြီ။ ဧက ၅၀ ကျော်လောက် ရေနစ်နေပါတယ်။ အနည်းအကျင်းတော့ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။ ပျိုးပင်တွေ ဝယ်လို့ရရင်တော့ ရေကျသွားတာနဲ့ ပြန်စိုက်၊ ပြန်ဖာလုပ်ကြမှာပါ"ဟု သာစည်ကွင်းမှစပါးစိုက်တောင်သူတစ်ဦးကပြောပြသည်။

ရေစကြိုမြို့နယ်တွင် မိုးခေါင်သည့်အခါ မိုးကောင်းသောက်လယ်များ စိုက်ပျိုးရန်အခက်အခဲများရှိပြီး ချင်းတွင်းမြစ်ရေကြီးသည့်နှစ်များတွင် စိုက်ပျိုးပြီးစပါးကွင်းများ ရေလွှမ်းခံရပြန်ကာ အညာဒေသတွင် တွေ့ကြုံရတတ်သည့် စိုက်ပျိုးရေးအခြေအနေဖြစ်ကြောင်း အဆိုပါတောင်သူက ပြောပြသည်။

**ဖေထွေးဇော် (ရေစကြို)**

# အမျိုးသားပညာရေးဥပဒေမူကြမ်း ဆွေးနွေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၄**

အမျိုးသားပညာရေးဥပဒေမူကြမ်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးဟော ပြောပွဲကို စက်တင်ဘာ(၃)ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်ခန်းမဆောင်၌ ကျင်းပရာ အမျိုးသား စီမံခန့်ခွဲမှုပညာကောလိပ်မှ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ(၄၀၀)ကျော် တက်ရောက်ခဲ့ကြပြီး ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်တင်တင်ထွေးက အမျိုးသားပညာရေးဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောခဲ့သည်။

**(သတင်းစဉ်)**

THE ACADEMY FOR SKILLS & KNOWLEDGE

ကုမ္ပဏီနှင့် ရုံးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်
**Practitioner Certificate in Office Operations**
သင်တန်းကာလ = ၃ လ (အလုပ်သင် ၂ လ အပါအဝင်)

Customer များနှင့် ထိတွေ့ဆက်ဆံရသော ရာထူးများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်
**Practitioner Certificate in Customer Service**
သင်တန်းကာလ = ၃ လ (အလုပ်သင် ၂ လ အပါအဝင်)

အလုပ်ချိန်ပြင်ပ သင်တန်းများအတွက်လည်း စုံစမ်းနိုင်ပါသည်၊

အလုပ်အကိုင် တကယ်လိုချင်ရင် အလုပ်ရမယ့် သင်တန်းကို တက်ပါ။




အမှတ် (၈၀၈-ဘီ) ယုဇနတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၀၉ ၆၆၆၆၅ ၊ ၀၉ ၃၁၈၅ ၆၆၆၆ ၊ ၀၉ ၃၀၂၈ ၂၃၃၃။

**မိဘအမည်မှန်**

မအူပင်မြို့၊ အထက(၁)ကျောင်းဝင်အမှတ်(၃၃၃၉၇)ဒသမတန်း(D)မှ မနန္ဒာအေးနှင့် ကျောင်းဝင်အမှတ်(၃၃၃၉၀) ဒသမတန်း(I)မှ မောင်နန္ဒအောင်တို့၏ မိဘအမည်မှန်မှာ ဦးသောင်းရင်ဦး[၅/ဆလက(နိုင်) ၀၀၅၆၈၇] နှင့် ဒေါ်ဝင်းဝင်းမော်[၁၄/မအပ (နိုင်) ၂၁၈၅၃၄] ဖြစ်ပါသည်။

ဦးသောင်းရင်ဦး-ဒေါ်ဝင်းဝင်းမော်

**တိုက်ခန်းကျယ်ရောင်းမည်**

လှိုင်မြင့်မိုရ်လမ်းနှင့် သုနန္ဒာလမ်းထောင့် မြေညီထောင့်ခန်း(1600Sqfts)

2MBR, 1BR,1Ph,2AC,လျှာထိုး ကြွေပြား ဆိုင်ခန်းပါ၊ ဈေးနှုန်း

သိန်း ၂၃၀၀ ညှိနှိုင်း

Ph 09-5120208,

09-451237874

**SPT အရောင်း**

၁။ ရန်ကုန်-ပုသိမ်လမ်းမ မေးတင် အေးရှားဝေါ တိုးကိတ်အနီး အရှေ့မျက်နှာစာ ပေ ၂၈၀ အကျယ် ၁ ဧကခွဲ အရောင်း (ညှိနှိုင်းဈေး)

၂။ ရန်ကုန်- ပဲခူးလမ်းမ လှည်းကူးမြို့ဝင် DENKO ဆီဆိုင်ရှေ့ ရွှေမှုန်တင်လမ်းမ၊ ပေ (၃၀၀× ၁၂၀) ဥယျာဉ်ခြံမြေ ရေ+မီး (1 PT) စိန်တစ်လုံးအပင် (၂၀၀) (ညှိနှိုင်းဈေး)

ဖုန်း- ၀၉-၅၁၅၅၀၀၁၊ ၀၉-၇၃၀၅၆၇၉၃

**AUNG JAPANESE ACADEMY (SINCE 2007)**

ဦးအောင်သန်းဦး (MA, Japan) ဦးစီးသည့် (ဂျပန်စာအထူးပြုကျောင်း)

ဂျပန်ပညာသင် 2015ဧပြီတန်းအတွက်လက်ခံပါပြီ၊ (သိန်း၄၀)

- အခြေခံတန်းခွဲသစ် (1) (20th Sep / Sat, Sun / 4~6 PM)
- အခြေခံတန်းခွဲသစ် (2) (22th Sep / Mon, Tue, Wed / 4~6 PM)

A66-68/4F/D, Insein Road, Sanyeiknyein, Kamayut Ph : 09-73060391, 09-421118058

**ရောင်းမည်**

တောင်ဒဂုံ(တောင်မြောက်လမ်းဆုံနှင့် ယဉ်ကျေးမှုတက္ကသိုလ်အနီး) ပေ(၂၀×၆၀) BN တစ်ထပ်တိုက်၊ ထပ်ခိုးအပြည့်၊ ကြွေပြားခင်း+ကပ်၊ အိပ်ခန်း(၅)ခန်းပါ၊ အဝီစိရေ၊ ဂျိုးဖြူရေ၊ မီတာ၊ တစ်ခြံလုံးပြည့် ကွန်ကရစ်ခင်း၊ အုတ်တံတိုင်းခတ်ပြီး။(ညှိနှိုင်းဈေး)

ဖုန်း ၀၁-၅၄၆၁၁၅၊ ၀၉-၄၃၁၁၀၂၉၆

# ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးရာ၌ အဆင်ပြေရန် ယာဉ်ပျံ့ဘူတာတွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည်

**မန္တလေး၊ စက်တင်ဘာ ၇**

ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူများ သက်တမ်းတိုးလုပ်ငန်း ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ချမ်းအေးသာစံမြို့နယ်၊ ၃၄ လမ်း၊ ၃၅ လမ်းနှင့် ၅၉ လမ်း၊ လမ်း ၆၀ ကြား၊ ယာဉ်ပျံ့ဘူတာတွင် စက်တင်ဘာ ၈ ရက်မှ စတင်၍ ရုံးခွဲ တိုးချဲ့ဖွင့်လှစ်ပြီး ယာဉ်မောင်းလိုင်စင် သက်တမ်းတိုး လုပ်ငန်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးထားသည်။

ယာဉ်မောင်းလိုင်စင် သက်တမ်းတိုး ဆောင်ရွက်ရာတွင် စောင့်ဆိုင်းတန်းစီခြင်းဖြင့် အချိန်ကြာမြင့်သောကြောင့် အများစုမှာ ယာဉ်မောင်းသူများကိုယ်တိုင် လာရောက်ဆောင်ရွက်ခြင်းမရှိဘဲ ပွဲစားများသာ ငွေပေးဆောင်ရွက်နေခဲ့ကြခြင်းကြောင့် ယင်းသို့ မဖြစ်ပေါ်စေရန် လွယ်ကူမြန်ဆန်စေရေးအတွက် လုပ်ငန်းဌာနခွဲများတိုးချဲ့ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး (မန္တလေး)မှ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုး ကိစ္စရပ်များအား မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းပေါ်ရှိ တိုင်းဒေသကြီးရုံး (မန္တလေး)အပြင် အမရပူရမြို့နယ် ပြည်ကြီးမင်္ဂလာ ယာဉ်ရပ်နားစခန်း အနီးခရိုင်ရုံး(မန္တလေးတောင်ပိုင်း) စွယ်တော်နှင့် မြန်မာ့မီးရထား (မန္တလေးဘူတာ)တို့တွင် ဖြန့်ခွဲ၍ ဆောင်ရွက်ပေးလျက်ရှိသည်။

**သီဟကိုကို(မန္တလေး)**



# မန္တလေးတိုင်းဒေသကြီးတွင် လူကုန်ကူးမှု တားဆီး ကာကွယ်ရေး မြေစိုက်ပိုစတာ စိုက်ထူပွဲကျင်းပ

**မန္တလေး၊ စက်တင်ဘာ ၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ရပ်ကွက်စောင့်ကြည့်အဖွဲ့၏ (လူကုန်ကူးမှုတားဆီးကာကွယ် အသိပညာပေး) မြေစိုက်ပိုစတာ စိုက်ထူပွဲကို စက်တင်ဘာ ၆ ရက်၊နံနက် ၇ နာရီက ၈၆ လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးရှေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းက ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိမိခင်နှင့်အဖွဲ့ဝင်များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့စုမှ ရဲမှူးမင်းအောင်နှင့်တပ်ဖွဲ့ဝင်များ၊ (World Vision International Myanmar) အောင်မြေသာစံမြို့နယ် စီမံချက်မန်နေဂျာ ဒေါ်နော်မာသောနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးလွင်နှင့် အကွက်မှူးများ၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**၃၇၈**

# ရေးမြို့တွင် ပင်လယ်ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရေး၊ စက်တင်ဘာ ၇**

မွန်ပြည်နယ် ရေးမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်သူများ ဥပဒေစည်းကမ်းနှင့်အညီ လိုက်နာ လုပ်ကိုင်နိုင်ရေးနှင့် ပင်လယ်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ရေးမြို့နယ် အစင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

အခမ်းအနားတွင်မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုးက ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် မွန်ပြည်နယ်ဥပဒေနှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေတို့ကို လေးစားလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ အအေးခန်းစက်ရုံနှင့်ပြုပြင်မွမ်းမံရေးလုပ်ငန်းများတွင် သတ်မှတ်ချက်နှင့်အညီလုပ်ဆောင်ရန်နှင့် ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်သူများအနေဖြင့် စားသုံးသူများ၏ ကျန်းမာရေးထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုး၊ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ ရေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးမှူးနှင့် အအေးခန်းစက်ရုံအပါအဝင် ကမ်းနီးကမ်းဝေးမှ ငါးဖမ်းလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ့ပင်လယ်သယံဇာတ ထိန်းသိမ်းရေး၊ ရေးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကမ်းနီးကမ်းဝေးလုပ်ငန်းရှင်များအစုအဖွဲ့ ဖွဲ့စည်းရေး၊ လုပ်သားရှားပါးမှုပြဿနာ၊ ရေထွက်ပစ္စည်းများကို ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ စားသုံးသူ ဘေးဥပဒ် ကင်းအောင် လုပ်ဆောင်ရေးဥပဒေ လုပ်ထုံးလုပ်နည်း စည်းကမ်းနှင့်အညီ လုပ်ကိုင်ရေးစသည်တို့ကို လုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့်ပေါင်းစပ်ညှိနှိုင်းကာ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ဆက်နေမင်းအောင်**

## သတင်းတို

### မြင်းခြံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်မှု(မွမ်းမံ)သင်တန်းဆင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် မီးသတ်တပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်ခဲ့သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်မှု(မွမ်းမံ)သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က သင်တန်းထူးချွန်ဆုများ ချီးမြှင့်သည်။ထို့ပြင် မြင်းခြံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်လွင်အောင်က သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ခဲ့ပြီး မီးသတ်ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက သင်တန်းသားများကို မီးသတ်ခါးပတ်များ ပေးအပ်ခဲ့သည်။သင်တန်းဆင်းပွဲသို့မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်လွင်အောင်၊ မီးသတ်ဦးစီးဌာန လ/ထညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များနှင့် သင်တန်းသား ၅၀ ဦး တက်ရောက်ခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ မြစိမ်းရောင်ကျေးရွာများသို့ သွားရောက်၍ဒေသခံများနှင့်တွေ့ဆုံ

**တောင်သာ၊ စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝဏ္ဏနှင့် ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်တို့သည် စက်တင်ဘာ ၂ ရက်က မြစိမ်းရောင်ကျေးရွာများသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာဖြစ်သော အလယ်ချိုင့်(အရှေ့)ကျေးရွာမှ မြစိမ်းရောင်ကျေးရွာကော်မတီဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ဆောင်နေသော မြစိမ်းရောင်ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့မြစိမ်းရောင်ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံရာတွင် စာရင်းများ မှန်ကန်စွာ ရေးသွင်းထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ထားရှိမှု၊ သိုးမွေးမြူရေး၊ ဆိတ်မွေးမြူရေး၊ နွားမွေးမြူရေး၊ ဝက်မွေးမြူရေးအခြေအနေ၊ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှု အခြေအနေများကိုဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ ကော်မတီဝင်များမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ငါးခုတွင်ပါဝင်သော အလယ်ချိုင့်(အရှေ့)ကျေးရွာတွင် အိမ်ထောင်စု ၂၀၀ စုအတွက် ချေးငွေကျပ်သိန်း ၃၀၀ ထုတ်ချေးထားမှုအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများ လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

GETC building a better future
Opening in September
Communicative English General English IELTS
မြေနီကုန်း 537895,502775 ဘားမွေ 549590, 09254148006

အပတ်စဉ်ထုတ် မောင်မောင်မြင့်အေး စီစဉ်သည်
ဘုန်းရောင်
ဂျာနယ်
ဓမ္မစေတီခေါင်းလောင်းကြီးရဲ့ အစောင့်က ဘယ်သူ ဖြစ်နေသလဲ ...?
ထွက်ပြီ

အခွင့်အလမ်းဂျာနယ်(၉)နှစ်ပြည့်အထိမ်းအမှတ်အဖြစ်
Huawei G-730 Handset (၂၅)လုံး ကံစမ်းနိုင်မည့်အထူးအစီအစဉ်အပါအဝင်
အခွင့်အလမ်း ဂျာနယ် The Opportunity Journal
ယခုအပတ်အတွက် အလုပ်နေရာ သုံးထောင်ကျော် ပါဝင်သည်။
ထွက်ပြီ
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်၊ စနေနေ့ မွန်းလွဲ (၂)နာရီ၊ UMFCCI မင်္ဂလာခန်းမတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်စီမံခန့်ခွဲမှုပညာဌာနပါမောက္ခဌာနမှူးဒေါက်တာမိုးမိုးခိုင်က Work Ethics For Youth ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။


သုံးစွဲသူတိုင်းနှစ်သက်၊ နှစ်သက်သူတိုင်းဆောင်ထားကြသည် ...
မြတ်ရတနာ
စွယ်စုံ လိမ်းဆေးဆီ
ထိခိုက်ရှနာ၊ ဝက်ခြံနာ၊ အပူနာလုံး၊ သွေးစုနာ၊ ရေယုန်နာ ပွေး၊ ဝဲ၊ ယားနာ၊ ဂျွတ်၊ ဒက်၊ သွားကိုက်၊ သွားဖုံးရောင် ဆီးပူမီးပူလောင်ခြင်း၊ လက်စွယ်ခြေစွယ်ငုတ်ခြင်း အဆစ်အမျက်ရောင်ခြင်း၊ ညှောင်းညာကိုက်ခဲခြင်း တို့အတွက် သုံးစွဲနိုင်ပါသည်။
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 010859 (0114)
တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၁၁/၂၀၁၁၊တဆထလ(၂၂၁၁)
ကြော်ငြာခွင့်ပြုချက်အမှတ် တဆခက(စာနယ်ဇင်း) ၀၇၂/၀၈၁၃
ပင်ရင်း အမှတ်(၉)၊ သရဖီလမ်း၊ ပေါက်ချောင်း(၁)ရပ်၊ မိတ္ထီလာမြို့ ၀၆၄-၂၄၉၃၁ ၀၉၅၀၇၆၉၁၅
မန္တလေး - ကိုလှအောင်နှင့်သားများဆေးဆိုင်၊ ဆိုင်အမှတ် - ၈၈. F ရုံ၊ မြေညီထပ် နှင့် ဈေးချိုအတွင်းရှိမြန်မာဆေးဆိုင်များ
ရန်ကုန် - လှုထုပေဟ္ဂာမြန်မာဆေးမျိုးစုံ၊ ၂၄ လမ်း၊ ကိုသက်နိုင်မြန်မာဆေးဆိုင်(မင်္ဂလာဈေး) နှင့် မြန်မာဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။





# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တည်ဆောက်မည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းခွင်များအား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် လားရှိုးမြို့အနီး၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည့် ထင်ရှူးမြိုင်မြို့ကွက်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်ဦးက ထင်ရှူးမြိုင်မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်း တည်နေရာပြအခြေအနေ၊ အဆိုပြုလမ်း၊ တံတားနှင့် ရေနုတ်မြောင်းများ အကွက်ချဆောက်လုပ်မည့်အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ရေလှောင်တမံများတည်ဆောက်ထားရှိမှုအခြေအနေနှင့် ရေသိုလှောင်ထားရှိနိုင်မှုအခြေအနေ၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❁

## ယ နေ့ မှာ တိ ကာ


ပြုကြစဉ်လာ နေ့မဟာ
စာတည်းရှုထောင့် စာမျက်နှာ - ၂

အောင်ပွဲရ ချန်ပီယံမြန်မာ့လက်ရွေးစင်အသင်း ယနေ့ ရန်ကုန်မြို့တွင် လှည့်လည်အောင်ပွဲခံမည်
ပြည်တွင်းသတင်း စာမျက်နှာ - ၆

မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှု ရွှေရတုသဘင်အခမ်းအနား ကျင်းပ
ပြည်တွင်းသတင်း စာမျက်နှာ - ၁၀


## ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၂ စင်တီမီတာ (၁ ပေခွဲခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**



## အမရပူရမြို့နယ်မှ လုပထင်ရှား စတီးကြိုးတံတား ကျေးလက်ပြည်သူများအတွက် အထောက်အကူပြု

**အမရပူရ စက်တင်ဘာ ၇**

